# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်နေ့ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ်(၃၃၇)


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီချွမ်ပြည်နယ်ပါတီအတွင်းရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့် Jin Jiang Hotel ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်ပါတီ အတွင်းရေးမှူး Mr. Wang Xiaohui တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**


ပို့ကုန်ရငွေနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အခန်းကဏ္ဍ — ဆောင်းပါး စာ ၆

စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၂) — ဆောင်းပါး စာ ၁၀

ဗီယက်နမ်၌ ကျောင်းသား ကျောင်းသူ ၂၆ သန်းဖြင့် ပညာသင်နှစ်သစ် စတင် — နိုင်ငံတကာသတင်း စာ ၁၄

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Beidahaung Smart Agriculture Exhibition Center ၌ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုအား ကြည့်ရှုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Beidahaung Smart Agriculture Exhibition Center နှင့် Heilongjiang Huida Technology Co., Ltd. တို့၌ ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၅

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ဟာပင်းမြို့၌ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် Beidahaung Smart Agriculture Exhibition Center သို့ သွားရောက်ကြည့်ရှုလေ့လာသည်။**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Beidahaung Smart Agriculture Exhibition Center သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ကြည့်ရှုလေ့လာ

ယင်းနောက် Beidahaung Smart Agriculture Exhibition Center အတွင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုအားကြည့်ရှုကြသည်။ ထို့နောက် ခင်းကျင်းပြသထားသည့် လယ်ယာစိုက်ပျိုးမှု သရုပ်ပြပုံစံငယ်၊ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ် လူမှဲ့နည်းပညာဖြင့် AI စနစ်သုံး စက်ယန္တရားများဖြင့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများဆောင်ရွက်မှု၊ AI စနစ်သုံး Drone များဖြင့် စိုက်ပျိုးမြေများအတွက် လိုအပ်သော မြေဩဇာများ၊ ပိုးသတ်ဆေးများ ကြဲပက်ခြင်းနှင့် မျိုးစေ့များ ကြဲပက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ တန်ဖိုးမြင့်ကုန်ချောပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် Beidahaung Smart Agriculture မှ ထုတ်လုပ်ထားရှိသည့် အဆင့်မြင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

> ❒ **စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ် လူမှဲ့နည်းပညာဖြင့် AI စနစ်သုံး စက်ယန္တရားများဖြင့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ AI စနစ်သုံး Drone များဖြင့် စိုက်ပျိုးမြေများအတွက် လိုအပ်သောမြေဩဇာများ၊ ပိုးသတ်ဆေးများ ကြဲပက်ခြင်း၊ မျိုးစေ့များ ကြဲပက်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများကိုအသုံးပြု၍ တန်ဖိုးမြင့် ကုန်ချောပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

### မေးမြန်းဆွေးနွေး

ဆက်လက်၍ Data Center အတွင်း လူမှဲ့နည်းပညာဖြင့် AI စနစ်သုံး ကောက်စိုက်စက်များ၊ Drone များဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေသွင်းရေထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တိုက်ရိုက်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြောကြားသည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ Beidahaung Smart Agriculture Exhibition Center မှ တာဝန်ရှိသူတစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Heilongjiang Huida Technology Co., Ltd. သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ကုမ္ပဏီမှ နိုင်ငံတကာ၌ အဆင့်မြင့်စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ မောင်းသူမဲ့စနစ်ဖြင့် ယာဉ်ယန္တရားများ၏ဒီဇိုင်းများ ထုတ်လုပ်လျက်ရှိမှု၊ စိုက်ပျိုးရေးအထောက်အကူပြု Drone များ ထုတ်လုပ်အသုံးပြုလျက်ရှိမှု၊ AI စနစ်သုံး မြေအခြေအနေတိုင်းတာရေးပစ္စည်းများ ထုတ်လုပ်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။



ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဟာပင်းမြို့ Taiping International Airport မှတစ်ဆင့် စီချွမ်ပြည်နယ် ချန်ဒူးမြို့သို့ ထွက်ခွာကြရာ ဟေလုံကျန်းပြည်နယ် အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ချန်ဒူးမြို့ Chengdu Shuangliu International Airport သို့ ရောက်ရှိကြရာ စီချွမ်ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Heilongjiang Huida Technology Co., Ltd. ၌ ကြည့်ရှုလေ့လာစဉ်။ (အပေါ်ပုံနှင့် ဝဲပုံ)

---

❖ *ရွှေဖုံးမှ*

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့်အတူ စီချွမ်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ချိန်တွင် စီချွမ်ပြည်နယ်မှ အကူအညီပေးရေးအဖွဲ့များ စေလွှတ်ခဲ့မှုအခြေအနေများ၊ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wang Xiaohui တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေး(၂/ ၂၀၂၅)ကျင်းပ

## ရွေးကောက်ပွဲလုံခြုံရေးအားထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများအား Online Media အသုံးပြုကျူးလွန်နေသူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၅

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။** (အောက်ပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီးတရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံးမဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး" စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်က အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ဒီဇင်ဘာ ၂၈ ရက်နေ့မှ စတင်၍ အဆင့်လိုက်ကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်းနှင့် လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်များအား သတ်မှတ်ကြေညာခဲ့ပြီး" ဖြစ်သဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်အနေဖြင့် ဥပဒေနှင့်အညီ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များအား သိရှိနားလည်ပြီး လုံခြုံရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် Online Media များပေါ်၌ ရေးသားဖြန့်ဝေခဲ့သူများအား ဖော်ထုတ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂ ရက်အထိ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" အရ အရေးယူဆောင်ရွက်မှု သုံးမှုရှိခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီများအနေဖြင့် ရွေးကောက်ပွဲလုံခြုံရေးအား ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများအား Online Media အသုံးပြုကျူးလွန်နေသူများအား စုံစမ်းဖော်ထုတ်အရေးယူသွားရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှု မရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးကောက်ပွဲလုံခြုံရေးအတွက် လျာထားအစီအမံများကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# စာရင်းပညာရှင်များသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် စာရင်းပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူးကျင်းပသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (Certified Public Accountant – CPA) (ပထမပိုင်း)သင်တန်း အမှတ်စဉ် (၄၉) မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။ **(အောက်ယာပုံ)**

**တက်ရောက်**

အခမ်းအနားသို့ပြည်ထောင်စု စာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

**များစွာလိုအပ်**

အခမ်းအနားတွင်ပြည်ထောင်စု စာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းကောင်စီအနေဖြင့် ယခုကဲ့သို့ စာရင်းပညာရပ်ဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်၍ စာရင်းပညာ တတ်ကျွမ်းသူနှင့် စာရင်းပညာရှင်များ တိုးပွားစေရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာရင်းပညာရှင်များသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် စာရင်းပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်ပါကြောင်း။

**လေ့လာဆည်းပူး**

သစ်လွင်မောင်မယ်တို့သည် စာရင်းပညာလောက၏ မျိုးဆက်သစ်လူငယ်များဖြစ်ပြီး နောင်တစ်ချိန် စာရင်းပညာလောကတွင် လင်းလက်တောက်ပလာမည့် ရတနာများဖြစ်သဖြင့် ပို့ချမည့် ပညာရပ်များကို အလေးအနက်ထား၍ လေ့လာဆည်းပူးကြစေလိုပါကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံး၏ စာရင်းလုပ်ငန်းများတွင် Professional များအဖြစ် ရပ်တည်ဆောင်ရွက်ကြရမည့်သူများလည်း ဖြစ်သဖြင့် အတတ်ပညာပိုင်းဆိုင်ရာ အရည်အချင်းများသာမက ကျင့်ဝတ်သိက္ခာ မြင့်မားသူများဖြစ်ရန်လည်း လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) နှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၂)တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ စာရင်းကောင်စီ တွဲဖက်အတွင်းရေးမှူး (၁) က သင်တန်းဆိုင်ရာ အချက်အလက်များ၊ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မောင်မယ်သစ်လွင်များကိုယ်စား အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းမှ သင်တန်းသားတစ်ဦးနှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းမှ သင်တန်းသားတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားသည်။

**အဆင့်ဆင့်စိစစ်တင်ပြ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးနှင့် ခရိုင်/မြို့နယ် စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စစ်ဆေးတွေ့ရှိချက်များကို လမ်းစဉ်အတိုင်း တိကျ၊ မှန်ကန်၊ ပြည့်စုံစွာဖြင့် မခြွင်းမချန်အဆင့်ဆင့်စိစစ်တင်ပြကြရန်၊ အပြန်အလှန်လေးစားမှုများ ထားရှိဆောင်ရွက်ကြရန်၊ အဂတိကင်းရှင်းစွာဖြင့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်၊ သတင်းအချက်အလက်လုံခြုံမှုကို အထူးဂရုပြုကြရန်၊ အထက်အောက် အဆင့်ဆင့်ထိတွေ့ပြီး တွေ့ကြုံရသော အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လုပ်ငန်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာများကိုမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပို့ကုန်ရငွေနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အခန်းကဏ္ဍ

*ကိုသိန်း*
*(ဗဟိုဘဏ်)*

ရုံးပိတ်ရက်တစ်ရက်၏ နံနက်ခင်းအချိန်၌ ကျွန်ုပ်သည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် နံနက်စာ စားသုံးနေစဉ် ပြည်တွင်းသင်တန်းတစ်ခု၌ အတူတက်ရောက်ခဲ့သော မိတ်ဆွေသင်တန်းသား တစ်ဦးဖြစ်သူ "ကိုဇော်" နှင့် တွေ့ဆုံခဲ့ပါသည်။ ကိုဇော်သည် သိလိုစိတ်များပြား၍ သင်တန်းဆရာများ၏ သင်ကြားသော ဘာသာရပ်အပေါ် မေးခွန်းအများဆုံး မေးမြန်းတတ်သူဖြစ်သည်။ သူမေးသည့် မေးခွန်းများသည် အခြားသင်တန်းသားများ မေးချင်သည့် မေးခွန်းအကြောင်းအရာများပါ ပါဝင်တတ်သောကြောင့် သူတစ်ဦးတည်းဖြင့် သင်ကြားသော ဘာသာရပ်အပေါ် ထပ်မံမေးမြန်းရန် မလိုလောက်အောင် ပြီးပြည့်စုံစွာ မေးမြန်းတတ်သူတစ်ဦး ဖြစ်ပါသည်။

**ကိုဇော်** ။ ။ **ကိုသိန်း မတွေ့တာ ကြာပြီနော်။**

**ကိုသိန်း** ။ ။ လူချင်းမတွေ့ပေမယ့် ဖုန်းနဲ့တော့ သိချင်တာတွေ မကြာခဏမေးမြန်းခဲ့လို့ အဆက်အသွယ် မပြတ်ဘူးမဟုတ်လား။

**ကိုဇော်** ။ ။ **ဟုတ်ပါတယ်။ လူချင်းတွေ့တုန်း သိချင်တာလေးတွေအတွက် မေးချင်လို့ပါ။ သင်တန်းတုန်းက ကိုသိန်းဆီက ဘဏ်နဲ့ ပတ်သက်ပြီး အကြောင်းအရာတွေကို သိခွင့်ရလို့ ကိုယ့်ရဲမိတ်ဆွေတွေကို ကြုံရင်ကြုံသလို ဗဟုသုတကို မျှဝေခွင့်ရနေလို့ ဝမ်းသာနေရတာ။ လတ်တလော သတင်းစာမှာပါတဲ့ ပို့ကုန်တင်ပို့သူတချို့ကို အမည်မည်း တပ်တယ်ဆိုလား။ အမည်မည်းထည့်တယ်ဆိုလား တွေ့ရလို့ အမည်မည်း ဘာကြောင့်ဖြစ်တာလည်းကို သိပါရစေ။**

**ကိုသိန်း** ။ ။ သိတယ်လေ။ လူတွေ့ရင် မေးခွန်းတွေ မေးတော့မယ်ဆိုတာ။ ဥဏ်ပူဇော်ခက ဘယ်လိုပေးမှာလဲ။

**ကိုဇော်** ။ ။ **အခုစားတဲ့ နံနက်စာအတွက် ရှင်းမယ်လေ။**

**ကိုသိန်း** ။ ။ စကားအဖြစ် ပြောတာပါ။ ကျွန်တော်လည်းကိုယ်သိထားတာကိုမျှဝေပေးချင်နေတာ။ ကုမ္ပဏီတချို့က ပို့ကုန်ဆိုင်ရာလုပ်ငန်းစဉ်တွေကို ကိုယ်တိုင်ဆောင်ရွက်ခြင်း မလုပ်ဘဲ ရုံးလုပ်ငန်းဆိုင်ရာတွေ၊ အခြားကိစ္စတွေမှာ Agent လို့ခေါ်တဲ့ အကျိုးဆောင်ထံကို လုပ်ငန်းအပ်ပြီး အလုပ်လုပ်ကြတာတွေကို တွေ့နေရတယ်။ Agent အပ်တဲ့ ပို့ကုန်လုပ်ငန်းရှင်တွေက ပို့ကုန်တင်ပို့ခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွေကို မသိကြတော့ဘူး။ အချို့ Agent တွေက ပို့ကုန်ဆိုင်ရာ Update Information တွေကို မသိလို့ဖြစ်စေ၊ ပို့ကုန်ဆိုင်ရာ ဗဟုသုတနည်းပါးလို့ဖြစ်စေ ဆောင်ရွက်ခဲ့မှုကြောင့် မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်ပေါ်ပြီး လုပ်ငန်းအပ်တဲ့ ကုမ္ပဏီတွေကို ဒုက္ခရောက်စေတယ်။

တချို့ ပို့ကုန်လုပ်ငန်းရှင်တွေက ပို့ကုန်လုပ်ငန်းစဉ်တွေနဲ့စပ်လျဉ်းပြီး Agent တွေနဲ့ ကုမ္ပဏီရဲ့ ဝန်ထမ်းတချို့ကို အလုံးစုံလွှဲအပ်ထားလို့ မိမိကုမ္ပဏီအမည်ခံပြီး အခြားကုမ္ပဏီက ပို့ကုန်တင်ပို့သွားတာ။ ပို့ကုန်ရငွေပြန်မဝင်တော့ အမည်ပေါက်တဲ့ ကုမ္ပဏီကို သက်ဆိုင်ရာက စိစစ်ခြင်းခံရမှ အမည်ခံအသုံးချခြင်းခံရကြောင်း သိရှိရပြီး တရားတဘောင် ရင်ဆိုင်နေရတာတွေ၊ ကုမ္ပဏီက ပို့ကုန်ရငွေ ဝင်ရောက်ပြီးသည်ဖြစ်စေ၊ ငွေမဝင်တဲ့ ကိစ္စရပ်ဖြစ်စေ ဘဏ်နဲ့ စာရင်းရှင်းရမှာကို သွားမရှင်းတော့ ပို့ကုန်ကြွေးကျန်စာရင်းထဲပါပြီး အရေးယူခံရတာတွေ၊ ပို့ကုန်ကြွေးကျန် ကျန်ရှိလို့ ကုမ္ပဏီက အရေးယူခံရပြီး ကုမ္ပဏီရဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေက နောက်ဆုံးအမည်မည်းစာရင်း ထည့်သွင်းခံထားရတာတွေအထိ မသိဘဲ လေဆိပ်ရောက်မှသာ သက်ဆိုင်ရာက တားဆီးခြင်းခံရမှ ကုမ္ပဏီက အမည်မည်းစာရင်းထဲမှာ ပါနေတာကိုသိရတဲ့ အဖြစ်အပျက်တွေ စတာတွေကို ကြားသိနေရလို့ ပို့ကုန်လုပ်ငန်းလုပ်နေတဲ့ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီဝန်ထမ်းတွေ၊ Agent တွေကို ပို့ကုန်လုပ်ငန်းနဲ့ဆက်စပ်တဲ့ သိသင့်သိထိုက်တာတချို့ကို ကုမ္ပဏီနဲ့တွေ့ဆုံတဲ့ အစည်းအဝေးတွေ၊ တွေ့ဆုံပွဲတွေမှာ အလျဉ်းသင့်သလို ပို့ကုန်ရငွေနဲ့ စပ်လျဉ်းပြီး Update Information တွေ၊ လုပ်ငန်းစဉ်တွေကို သိရှိအောင် ဗဟိုဘဏ်အနေနဲ့ မျှဝေပေးနေပါတယ်။ ကဲ ကိုဇော် မေးခွန်းစနိုင်ပါပြီ...

> ❖ **ပို့ကုန်အားကောင်းတဲ့ နိုင်ငံတွေက နိုင်ငံတကာမှာ ယုံကြည်မှုရရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မှုဖြစ်စေတယ်။ နိုင်ငံရဲ့အရန်ငွေ ဖြည့်ဆည်းပေးနိုင်တယ်။**
>
> ❖ **ပို့ကုန်ရငွေပေးသွင်းဖို့ကျန်တယ်လို့ စာရင်းပေါ်နေတဲ့ ပို့ကုန်ပမာဏအပြင် နောက်ဆုံးပို့ကုန်တင်ပို့ခဲ့တဲ့ ကာလရှိသတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရမယ့် ပို့ကုန်ပမာဏအားလုံး သက်ဆိုင်ရာဘဏ်ကို ဝင်ရောက်ရမှာဖြစ်ပြီး သက်ဆိုင်ရာဘဏ်နဲ့ စာရင်းရှင်းလင်းတဲ့ လုပ်ငန်းစဉ်တွေကိုလည်း ဆောင်ရွက်ထားရမှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းစဉ်တွေ ဆောင်ရွက်ပြီးကြောင်း ဘဏ်ရဲ့ ထောက်ခံချက်နဲ့အတူ အမည်မည်းစာရင်းကနေ ပယ်ဖျက်ပေးဖို့ ဗဟိုဘဏ်သို့ လျှောက်ထားရမှာ ဖြစ်ပါတယ်**

**ကိုဇော်** ။ ။ **နိုင်ငံအတွက် ပို့ကုန်ရငွေက ဘာလို့ အရေးကြီးတာလဲ။**

**ကိုသိန်း** ။ ။ ပို့ကုန်ကရတဲ့ နိုင်ငံခြားငွေဟာ နိုင်ငံခြားငွေကြေးဈေးကွက်တည်ငြိမ်ရေးအတွက် အဓိကကျတဲ့ အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ ပို့ကုန်တိုးတက်ရေးအတွက် မဟာဗျူဟာတွေ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေရခြင်းဖြစ်တယ်။ ပို့ကုန်ရငွေတွေဟာ ပြည်တွင်းစီးပွားရေးကို တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်းကို တည်ငြိမ်စေပြီးတော့ ကောင်းမွန်တဲ့ စီးပွားရေးပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေတယ်။ နိုင်ငံရဲ့ GDP ကို အထောက်အကူပြုပြီး အလုပ်အကိုင် အခွင့်အလမ်းတွေကို ဖန်တီးပေးတယ်။ နိုင်ငံရဲ့ သွင်းကုန်ဝယ်ယူနိုင်မှုကို မြင့်မားစေတယ်။ နိုင်ငံရဲ့လိုအပ်နေတဲ့ အရေးကြီးကုန်စည်တွေဖြစ်တဲ့ စက်သုံးဆီ၊ စားသုံးဆီ၊ ဆေးဝါးတွေ ပိုမိုတင်သွင်းနိုင်ပြီး ကုန်ပစ္စည်းရှားပါးခြင်း၊ ဈေးနှုန်းမြင့်တက်ခြင်းတွေကို ကာကွယ်ပေးနိုင်တယ်။ နိုင်ငံခြားကြွေးမြီ ဆပ်နိုင်မှုကို အထောက်အကူဖြစ်စေတယ်။

ပို့ကုန်အားကောင်းတဲ့ နိုင်ငံတွေက နိုင်ငံတကာမှာ ယုံကြည်မှုရရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မှုဖြစ်စေတယ်။ နိုင်ငံရဲ့ အရန်ငွေ ဖြည့်ဆည်းပေးနိုင်တယ်။ ပို့ကုန်မှရရှိတဲ့ နိုင်ငံခြားငွေဟာ နိုင်ငံအတွက် အရေးကြီးတဲ့ကဏ္ဍမှာ ပါဝင်တဲ့အတွက် ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်စေရေး ဗဟိုဘဏ်နဲ့ ပို့ကုန်နဲ့ဆက်စပ်နေတဲ့ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေ ပါဝင်တဲ့ Working Group၊ Action Task Force တွေ ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။

**ကိုဇော်** ။ ။ **ပို့ကုန်ရငွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘယ်အခန်းကဏ္ဍမှာ ပါတာလဲ။**

**ကိုသိန်း** ။ ။ ပို့ကုန်တင်ပို့သူဟာ ပို့ကုန်တင်ပို့ဖို့အတွက် ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရဖို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ ပို့ကုန်လိုင်စင် လျှောက်ထားရပါမယ်။ ပို့ကုန်လိုင်စင်ရရင် ပို့ကုန်ဝယ်ယူသူ (Buyer) ဆီကို တင်ပို့ဖို့ လုပ်ရပါမယ်။ ကုန်စည်တွေကို ဆိပ်ကမ်းမှတစ်ဆင့် ဒါမှမဟုတ် နယ်စပ်စခန်းကတစ်ဆင့် ပို့ကုန်တင်ပို့ပါတယ်။ တင်ပို့ရာမှာ အကောက်ခွန်၊ ဆိပ်ကမ်း၊ ပြည်တွင်းအခွန်တို့ရဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ရမှာပါ။ ကုန်စည်တွေဟာ ဆိပ်ကမ်းတွေ ဒါမှမဟုတ် နယ်စပ်ကုန်သွယ်ရေးစခန်းတွေကတစ်ဆင့် တင်ပို့တာနဲ့ ပို့ကုန်ဆိုင်ရာ အချက်အလက်တွေကို အကောက်ခွန်ကနေ ဗဟိုဘဏ်ကို MACCS (Myanmar Automatic Cargo Clearance System) နဲ့ FEMS (Foreign Exchange Management System) တို့နဲ့ ချိတ်ဆက်ပြီး ပေးပို့တဲ့အချိန်ကစလို့ ပို့ကုန်ရငွေနဲ့ စပ်လျဉ်းပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ အခန်းကဏ္ဍ စတင်ပါဝင်လာပါတယ်။

**ကိုဇော်** ။ ။ **ပို့ကုန်တင်ပို့တာကို ဘာလို့ အမည်မည်း ထည့်တာလဲ။ ဘယ်ဥပဒေနဲ့ အရေးယူတာလဲ။**

**ကိုသိန်း** ။ ။ ပို့ကုန်တင်ပို့သူတွေအနေနဲ့ ပို့ကုန်တင်ပို့ပြီး သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရမှာဖြစ်တယ်။ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တွေကို ကနဦး စပြောမယ်နော်။

ပို့ကုန်တင်ပို့သူဟာ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ (FEML) ပုဒ်မ ၃၈–ခ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်း (FEMR) အပိုဒ် ၃၅၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၃ တို့အရ **"အာရှနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ ရက် ၃၀ အတွင်း အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ ရက် ၆၀ အတွင်း ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရမည်"** လို့ ပြဋ္ဌာန်းထားပါတယ်။ ပြန်လည်ဝင်ရောက်ခြင်းမရှိရင် FEML ပုဒ်မ ၄၂–က အရ တရားစွဲဆိုနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရရင် တစ်နှစ်ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမှာ ဖြစ်ပါတယ်။

**ကိုဇော်** ။ ။ **ဗဟိုဘဏ်အနေနဲ့ ကုမ္ပဏီတစ်ခုချင်းစီရဲ့ သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်း ရှိ မရှိ ဘယ်လိုသိနိုင်မလဲ။ ပို့ကုန်တင်ပို့တဲ့ ကုမ္ပဏီအများကြီးကို ဘယ်လိုစောင့်ကြည့်နေတာလဲ။**

**ကိုသိန်း** ။ ။ နည်းပညာအကူအညီနဲ့ စောင့်ကြည့်ပြီး သိနိုင်ပါတယ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ FEMS (Foreign Exchange Management System) နဲ့ အကောက်ခွန်ဦးစီးဌာနရဲ့ MACCS (Myanma Automated Cargo Clearance System) တို့ ချိတ်ဆက်ထားပြီး ပို့ကုန်တင်ပို့သူက ပို့ကုန်တင်ပို့ပြီးတာနဲ့ အကောက်ခွန်ဦးစီးဌာနက ပို့ကုန်ကြေညာလွှာ (Export Declaration –ED) ပါ ပို့ကုန်ဆိုင်ရာ အချက်အလက်တွေကို MACCS မှ FEMS သို့ Real Time ပေးပို့ပေးပါတယ်။ ဗဟိုဘဏ်က AD လိုင်စင်ရ ဘဏ်တွေကိုလည်း FEMS ကတစ်ဆင့် ပေးပို့လိုက်တယ်။ ကုမ္ပဏီအမည်၊ ED နံပါတ်၊ ED ထွက်တဲ့နေ့၊ ပို့ကုန်သင်္ဘောပေါ် တင်တဲ့နေ့၊ ပို့ကုန်တင်လိုက်တဲ့ နိုင်ငံခြားငွေတန်ဖိုး၊ ဘယ်ဘဏ်နဲ့ ငွေဝင်ရောက်မယ်စတဲ့ ပို့ကုန်ဆိုင်ရာ အချက်အလက်တွေကို ဗဟိုဘဏ်နဲ့ သက်ဆိုင်ရာဘဏ်တို့ရဲ့ System တွေမှာစပြီး စာရင်းမှတ်လိုက်တာပါ။ ဒါကြောင့် ပို့ကုန်တင်ပို့ပြီး ED နံပါတ်ထွက်တဲ့နေ့ကစပြီး အာရှနိုင်ငံတွေကို တင်ပို့ရင် ပို့ကုန်ရငွေဟာ ရက်ပေါင်း ၃၀ အတွင်း၊ အာရှပြင်ပနိုင်ငံတွေကို တင်ပို့ရင် ရက်ပေါင်း ၆၀ အတွင်း ပို့ကုန်ရငွေ ပြန်ဝင်၊ မဝင်ကို FEMS System က စစ်ပေးမှာဖြစ်ပြီး ဗဟိုဘဏ်ကရော သက်ဆိုင်ရာဘဏ် ဘက်မှာရော မြင်တွေ့နိုင်ပါတယ်။

**ကိုဇော်** ။ ။ **သတ်မှတ်ကာလဖြစ်တဲ့ ရက်ပေါင်း ၃၀၊ ရက်ပေါင်း ၆၀ အတွင်း ပို့ကုန်ရငွေ ပြန်မဝင်တာနဲ့ အမည်မည်းစာရင်း သတ်မှတ်တာလား။**

**ကိုသိန်း** ။ ။ မဟုတ်ပါဘူး၊ FEMS စနစ်မှာ ပို့ကုန်ရငွေတွေ သတ်မှတ်ကာလအတွင်း ဝင်ရောက်ခြင်းမရှိတဲ့ ကုမ္ပဏီစာရင်းကို ဘဏ်အလိုက်၊ ED List အလိုက် စာရင်းပြုစုပြီး AD လိုင်စင်ရဘဏ်တွေဆီကို ပေးပို့ပြီး သက်ဆိုင်ရာ Exporter ကုမ္ပဏီတွေနဲ့ ဆက်သွယ်စာရင်းရှင်းလင်းဖို့ နောက်ဆုံးရက်သတ်မှတ်ပြီး ဆောင်ရွက်စေပါတယ်။ သတ်မှတ်ပေးတဲ့ နောက်ဆုံးရက်အထိ စာရင်းလာမရှင်းတဲ့ ကုမ္ပဏီတွေ စာရင်းပြုစုပြီး ကုမ္ပဏီတွေထံ နှိုးဆော်အကြောင်းကြားခြင်းနဲ့ လိုက်နာမှုမရှိပါက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်လက်မှတ် ယာယီပိတ်သိမ်းခြင်းကို ဆောင်ရွက်နိုင်ဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ အကြောင်းကြားပါတယ်။ ပို့ကုန်ရငွေနဲ့ ဆက်စပ်နေတဲ့ အဖွဲ့အစည်းတွေကိုလည်း အကြောင်းကြားပေးပါတယ်။

ပို့ကုန်ရငွေနဲ့ဆက်စပ်နေတဲ့ အဖွဲ့အစည်းတွေက အဖွဲ့ဝင်တွေပါဝင်တဲ့ Action Task Force အဖွဲ့က ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့တွေမှာ ပို့ကုန်ရငွေ သတ်မှတ်ကာလအတွင်းမှာ မဝင်တဲ့ ကုမ္ပဏီတွေကို ဆက်သွယ်ခေါ်ယူပြီး AD လိုင်စင်ရဘဏ်တွေနဲ့အတူ ပူးပေါင်းပြီးတော့ ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရေး တွန်းအားပေး ဆောင်ရွက်ပါတယ်။ ကုမ္ပဏီတွေနဲ့ Action Task Force အဖွဲ့တွေ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်းမရှိသူတွေနဲ့ ခံဝန်ကတိ ရေးထိုးထားတဲ့ကာလအတွင်း စာရင်းရှင်းလင်းခြင်းမရှိသူတွေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (ပသက) ပိတ်သိမ်းခြင်းကို ဆောင်ရွက်ပါတယ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဆက်လက်ပြီး ဗဟိုဘဏ်က ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိတဲ့ ကုမ္ပဏီတွေ၊ ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်သော်လည်း ဘဏ်မှာ စာရင်းရှင်းလင်းခြင်းမရှိလို့ FEMS မှာ စာရင်းလက်ကျန်ပေါ်ပေါက်တဲ့ ကုမ္ပဏီတွေ၊ ဆက်သွယ်ပြီး စာရင်းလာမရှင်းလင်းတဲ့ ကုမ္ပဏီတွေကို အရေးယူနိုင်ဖို့နဲ့ တရားစွဲဆိုနိုင်ဖို့ ပြည်ထဲရေးဝန်ကြီးဌာနသို့ စာရင်းပေးပို့ပါတယ်။ နောက်ဆုံးအချိန်အထိ ပို့ကုန်ရငွေပြန်လည်ပေးသွင်းခြင်းမရှိတဲ့ ကုမ္ပဏီတွေနဲ့ ကုမ္ပဏီဒါရိုက်တာဝင်တွေကိုသာ အမည်မည်းစာရင်း ရေးသွင်းခြင်းကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**ကိုဇော်** ။ ။ **သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်း မရှိတဲ့ ကုမ္ပဏီတွေကို အခုမှ အရေးယူတာလား။**

**ကိုသိန်း** ။ ။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနဲ့ စည်းမျဉ်းတွေကို ၂၀၁၂ ခုနှစ် နဲ့ ၂၀၁၄ ခုနှစ်တွေမှာ စတင်ပြဋ္ဌာန်းခဲ့ပြီး လိုအပ်တဲ့ လုပ်ငန်းစဉ်တွေ ရေးဆွဲခြင်း၊ နည်းပညာအကူအညီတွေနဲ့ စောင့်ကြည့်စိစစ်ရမယ့် Software တွေ ရေးဆွဲခြင်း၊ ပို့ကုန်ရငွေနဲ့စပ်လျဉ်းတဲ့ အသိပညာပေးဆောင်ရွက်ခြင်းတွေကို ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၈ ခုနှစ်ကနေစလို့ ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသူတွေကို စိစစ်ပြီး ခေါ်ယူစာရင်းရှင်းလင်းဖို့ AD လိုင်စင်ရဘဏ်တွေကို အကြောင်းကြားခဲ့ပါတယ်။ အဲဒီလို ဗဟိုဘဏ်ကနေ အကြောင်းကြားလာတဲ့အခါမှာ AD လိုင်စင်ရဘဏ်တွေက ကုမ္ပဏီတွေကို ဆက်သွယ်ပြီး ပို့ကုန်ရငွေ ပြန်လည်ပေးသွင်းဖို့ စတင်တွန်းအားပေး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ဘဏ်တွေက အကြောင်းကြားခဲ့ပေမယ့် ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိတဲ့ ကုမ္ပဏီတွေကို ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်း ဆောင်ရွက်ပေးဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို စတင်ညှိနှိုင်းခဲ့တာကစလို့ တရားစွဲဆိုတဲ့ အရေးယူမှုတွေလည်း ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်မှာ အမည်မည်းစာရင်းထည့်သွင်းတဲ့ အရေးယူမှုတွေကို စတင်ဆောင်ရွက်ခဲ့ပြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတွေက အမည်မည်းစာရင်း ထည့်သွင်းခြင်းခံရတဲ့ ကုမ္ပဏီတွေအပေါ် သက်ဆိုင်ရာဌာနတွေရဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

**ကိုဇော်** ။ ။ **ပို့ကုန်တင်ပို့တိုင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ဖို့လိုသလား။**

**ကိုသိန်း** ။ ။ ပြည်ပကို ကုန်စည်ရောင်းချခြင်း မဟုတ်တဲ့တင်ပို့မှုတွေအတွက်ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ဖို့ မလိုပါဘူး။ ဥပမာ Re-export အမျိုးအစားအချို့ဖြစ်တဲ့ စက်ပစ္စည်းချို့ယွင်းပျက်စီးလို့ ပြန်ပို့ရတဲ့ပို့ကုန် ED Type code “G” (ERR)၊ ထုပ်ပိုးပစ္စည်းများ ပြန်ပို့တဲ့ ပို့ကုန် ED Type Code “B” (EDD)၊ ပြည်ပမှ တင်သွင်းခဲ့တဲ့ ကုန်ပစ္စည်းတွေက အရည်အသွေးမပြည့်မီလို့ ပြန်ပို့ရတဲ့ ပို့ကုန် ED Type Code “A”၊ ပြည်တွင်းမှာ ပြုလုပ်ခဲ့တဲ့ပြပွဲ၊ ပြိုင်ပွဲအတွက် တင်သွင်းခဲ့တဲ့ ကုန်စည်တွေကို ပြန်လည်ပို့တဲ့ပို့ကုန် ED Type Code “B” (EDT) စသဖြင့် ED code ကို မှန်ကန်အောင် ရွေးချယ်ရမှာဖြစ်ပေမယ့် ကုမ္ပဏီတွေက ED Type ကို Export Type ED အား မှားယွင်းရွေးချယ်ခဲ့တဲ့အတွက် ပို့ကုန်ရငွေ ဝင်ရောက်ဖို့လိုတဲ့ စာရင်းမှာ ပါဝင်သွားခြင်းဖြစ်တယ်။ သဘော်မတင်ဖြစ်တဲ့ ပို့ကုန်တန်ချိန်ရဲ့တန်ဖိုး၊ ကုန်ဝယ်သူထံမရောက်ခင် ပျက်စီးသွားတဲ့ ကုန်ပမာဏတန်ဖိုးတွေက ပို့ကုန်ရငွေ ပြန်ဝင်ဖို့မလိုပါဘူး။ အဲဒီပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ဖို့မလိုတဲ့ အကြောင်းအရာကို ကုမ္ပဏီတွေက အထောက်အထားတွေနဲ့ ဗဟိုဘဏ်သို့ တင်ပြဖို့ လိုအပ်ပါတယ်။ တင်ပြမထားရင် ဗဟိုဘဏ်အနေနဲ့ မသိနိုင်ပါဘူး။ ကုမ္ပဏီကနေ သက်ဆိုင်ရာ အထောက်အထားတွေနဲ့ တင်ပြမှသာ ဗဟိုဘဏ်က စိစစ်ပြီးတော့မှ မှန်ကန်တယ်ဆိုရင် ပို့ကုန်ရငွေဝင်ရောက်ရမယ့် စာရင်းကနေ ပယ်ဖျက်ပေးသွားမှာ ဖြစ်ပါတယ်။

**ကိုဇော်** ။ ။ **ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်း မရှိတဲ့ ကုမ္ပဏီတွေက အမည်မည်းစာရင်း ထည့်သွင်းခြင်းခံရရင် ဘယ်လိုအကျိုးဆက်များကို ခံစားရမှာလဲ။**

**ကိုသိန်း** ။ ။ ကုမ္ပဏီအနေနဲ့ ဘဏ်နဲ့ ငွေကြေးဝန်ဆောင်မှုတွေ ကန့်သတ်ခံရတာ၊ မြန်မာပြည် အဝင်/အထွက် ပိတ်ပင်တားဆီးခံရတာ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကို လျော့ကျစေတာ၊ အစိုးရနဲ့ ဆက်စပ်နေတဲ့လုပ်ငန်းများ လုပ်ကိုင်ခွင့်ဆုံးရှုံးတာ စတဲ့ စီးပွားရေးအရ အခက်အခဲတွေရှိနိုင်ပါတယ်။ တရားစွဲဆိုမှုတွေ ကြုံတွေ့ရတာ၊ ပြည်သူတွေရဲ့ ယုံကြည်မှုကျဆင်းတာ စတဲ့ ဥပဒေရေးရာနဲ့ ဂုဏ်သိက္ခာဆိုင်ရာ ထိခိုက်မှုတွေလည်း ရှိနိုင်ပါတယ်။ ကုမ္ပဏီ၏ ဈေးကွက်တန်ဖိုး ထိခိုက်တာ၊ ကုမ္ပဏီရဲ့ အနာဂတ်မှာ ရေရှည်အခက်အခဲများကြုံလာပြီး ဝန်ထမ်းတွေရဲ့ ယုံကြည်မှုကို ပျက်ပြားစေတာတွေကို တွေ့ကြုံရနိုင်ပါတယ်။

**ကိုဇော်** ။ ။ **အမည်မည်းစာရင်း ထည့်သွင်းခံရတဲ့ ကုမ္ပဏီဟာအမည်မည်းစာရင်းကနေ ပြန်ပြီး ပယ်ဖျက်လို့ရသလား။ ဘယ်လိုဆောင်ရွက်ရင် ပယ်ဖျက်နိုင်လဲ။**

**ကိုသိန်း** ။ ။ ပို့ကုန်ရငွေပေးသွင်းဖို့ကျန်တယ်လို့ စာရင်းပေါ်နေတဲ့ ပို့ကုန်ပမာဏအပြင် နောက်ဆုံးပို့ကုန်တင်ပို့ခဲ့တဲ့ ကာလရှိ သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရမယ့် ပို့ကုန်ပမာဏအားလုံး သက်ဆိုင်ရာ ဘဏ်ကို ဝင်ရောက်ရမှာဖြစ်ပြီး သက်ဆိုင်ရာဘဏ်နဲ့ စာရင်းရှင်းလင်းတဲ့ လုပ်ငန်းစဉ်တွေကိုလည်း ဆောင်ရွက်ထားရမှာ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းစဉ်တွေ ဆောင်ရွက်ပြီးကြောင်း ဘဏ်ရဲ့ ထောက်ခံချက်နဲ့အတူ အမည်မည်းစာရင်းကနေ ပယ်ဖျက်ပေးဖို့ ဗဟိုဘဏ်သို့ လျှောက်ထားရမှာ ဖြစ်ပါတယ်။ ဗဟိုဘဏ်က ပို့ကုန်ရငွေကြွေးကျန် ကျန်ရှိခြင်း ရှိ မရှိ စိစစ်ခြင်း၊ လျှောက်ထားတဲ့ ကုမ္ပဏီရဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေက အခြားကုမ္ပဏီများမှာ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း ရှိ မရှိကို စိစစ်ပေးဖို့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) သို့ အကြောင်းကြားပြီး DICA ရဲ့ စိစစ်ပြန်ကြားချက်အရ ကုမ္ပဏီဒါရိုက်တာများပါဝင်တဲ့ အခြားကုမ္ပဏီတွေကလည်း ပို့ကုန်ကြွေးကျန် ကျန်ရှိခြင်း ရှိ မရှိကို စိစစ်ရပါတယ်။ တရားစွဲခံရတဲ့ ကုမ္ပဏီဖြစ်ရင် တရားရုံးက ချမှတ်တဲ့ ဒဏ်ကြေးကို ပေးဆောင်ထားခြင်း ရှိ မရှိ စိစစ်ရတယ်။ အဲဒီလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ပြီး ပို့ကုန်ရငွေ ပြန်လည်ပေးသွင်းဖို့မကျန်တော့ရင် ပြည်ထဲရေးဝန်ကြီးဌာနကို အမည်မည်းစာရင်းကနေ ပယ်ဖျက်ပေးဖို့ ညှိနှိုင်းအကြောင်းကြားစာ ပေးပို့ရပါတယ်။ တစ်ပြိုင်နက် အခြားဆက်စပ်ဌာနတွေကိုလည်း အသိပေးအကြောင်းကြားစာ ပေးပို့ရတဲ့အတွက် အခြားဆက်စပ်ဌာနတွေကလည်း ယင်းဌာနတွေရဲ့ လုပ်ထုံးလုပ်နည်းအရ အမည်မည်းစာရင်းကနေ ပယ်ဖျက်ခြင်းကို ဆောင်ရွက်ကြပါတယ်။

**ကိုဇော်** ။ ။ **ဒါဆိုရင် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်း မရှိတဲ့ ကုမ္ပဏီတွေကို ချက်ချင်းအမည်မည်းစာရင်း ထည့်သွင်းတာမဟုတ်ဘဲ ဘဏ်တွေကို ကုမ္ပဏီနဲ့ ဆက်သွယ်ရှင်းလင်းစေတာ၊ ပို့ကုန်ရငွေ ဆက်စပ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ဖို့ တွန်းအားပေး ဆောင်ရွက်တာ၊ တရားစွဲဆိုတာတွေကို အဆင့်ဆင့်ဆောင်ရွက်ပြီးမှ အမည်မည်းစာရင်းထည့်သွင်းတာဖြစ်လို့ ကုမ္ပဏီအနေနဲ့ ဖြေရှင်းဆောင်ရွက်ချိန် အခွင့်အလမ်းရတာပဲ။**

**ကိုသိန်း** ။ ။ ဒါပေါ့။ ပို့ကုန်လုပ်ငန်းရှင်တွေကို အကြံပြုချင်တာက သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ဖို့ ဆောင်ရွက်စေချင်တယ်။ ပို့ကုန်ရငွေ ဝင်ရောက်ပြီးရင်လဲ သက်ဆိုင်ရာဘဏ်နဲ့ ဝင်ရောက်လာတဲ့ ပို့ကုန်ရငွေနဲ့စပ်လျဉ်းပြီး အထောက်အထားတွေနဲ့ စာရင်းရှင်းလင်းဖို့ လိုပါတယ်။ သတ်မှတ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ပို့ကုန်ရငွေ ပြန်လည်မဝင်ရောက်နိုင်ရင် သက်ဆိုင်ရာဘဏ်တွေရဲ့ အကူအညီရယူပြီး ဗဟိုဘဏ်ကို အမြန်ဆုံးတင်ပြသွားရမှာဖြစ်ပါတယ်။ အမည်မည်းစာရင်း ထည့်သွင်းခံရရင် ကုမ္ပဏီအနေနဲ့ လူမှုစီးပွားများစွာ ထိခိုက်စေလို့ သက်ဆိုင်ရာ အဖွဲ့အစည်းများက ဆက်သွယ်လာရင် ဆောင်ရွက်ရမည့် နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်စေချင်တယ်။

**ကိုဇော်** ။ ။ **ပြင်ပမှာ ကုမ္ပဏီအချို့က ဘဏ်ကို ငွေ ဝင်ရောက်နေပေမယ့်လည်းပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိတဲ့ စာရင်းမှာ ပါဝင်နေတယ်လို့ ပြောနေတာတွေအပေါ် ရှင်းလင်းပေးပါအုံး။**

**ကိုသိန်း** ။ ။ ပို့ကုန်ရငွေနှင့်စပ်လျဉ်းတဲ့ အစည်းအဝေးတွေ၊ ပို့ကုန်ရငွေကျန်ရှိနေတဲ့ ကုမ္ပဏီတွေကို ခေါ်ယူတွေ့ဆုံပြီး တွန်းအားပေးဆောင်ရွက်တဲ့ တွေ့ဆုံပွဲတွေမှာ မကြာခဏ ကြားသိခဲ့ရလို့ ဗဟိုဘဏ်အနေနဲ့ ရှင်းလင်းဆွေးနွေးခဲ့ရတာတွေ ရှိခဲ့ဖူးပါတယ်။ ဗဟိုဘဏ်စာရင်းမှာ ကြွေးကျန်ပေါ်နေတာတွေနဲ့ စပ်လျဉ်းပြီး ကုမ္ပဏီတချို့က ဘဏ်မှာ ငွေဝင်ရင် ပို့ကုန်ရငွေနဲ့ပတ်သက်တဲ့ လုပ်ငန်းစဉ်ပြီးဆုံးပြီ၊ ပို့ကုန်ရငွေအတွက် ကြွေးကျန်မရှိတော့ဘူးလို့ ယူဆနေကြတယ်။ ဘဏ်ကို ဝင်လာတဲ့ငွေဟာ ဘယ် ED အတွက် ဖြစ်တယ်ဆိုတာကို အထောက်အထားတွေဖြစ်တဲ့ ED၊ Sale Contract၊ Invoice၊ Bill of Lading (B/L) စတာတွေနဲ့ ဘဏ်ကို အမြန်ဆုံးသွားရောက် စာရင်းရှင်းလင်းပေးဖို့ လိုပါတယ်။ ကုမ္ပဏီက လာမရှင်းလင်းရင် ဘဏ်က ဘယ် ED အတွက် ငွေဝင်ကြောင်း မသိရတော့ FEMS မှာ သတင်းပို့ပြီး စာရင်းရှင်းလင်းလို့ မရပါဘူး။ ဘဏ်က FEMS မှာ သတင်းမပို့မချင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်း မရှိသေးတဲ့ စာရင်းမှာ ပါဝင်နေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပို့ကုန်ရငွေ ဝင်ရောက်လာရင် သက်ဆိုင်တဲ့ အထောက်အထားတွေနဲ့ အမြန်ဆုံးစာရင်းရှင်းလင်းဖို့ လိုအပ်ပါတယ်။ ဘဏ်နဲ့ စာရင်းရှင်းလင်းချိန်မှာ အထောက်အထားပြည့်စုံမှန်ကန်ဖို့ လိုအပ်ပါတယ်။ တစ်ခါတစ်ရံ ED ပါ ပို့ကုန်ဆိုင်ရာအချက်အလက်နဲ့ ငွေဝင်လာတဲ့ အချက်အလက်တွေက ကွဲလွဲနေတဲ့အခါ ပြင်ဆင်ခွင့်ပြုဖို့နဲ့ ကွဲလွဲမှုကို ခွင့်ပြုပေးဖို့ ကုမ္ပဏီဘက်က ဘဏ်ကနေတစ်ဆင့် ဗဟိုဘဏ်ကို ခွင့်ပြုချက်တောင်းခံရတာတွေ ရှိပါတယ်။ Agent အများစုက ပို့ကုန်တင်ပို့တဲ့ ကုမ္ပဏီဆီက ပို့ကုန်နဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေကို မေးမြန်းတောင်းခံခြင်းမပြုဘဲ သူတို့ရဲ့ ထင်မြင်ယူဆချက်တွေအတိုင်း အကောက်ခွန်ဦးစီးဌာနရဲ့ ပို့ကုန်ကြေညာလွှာ ED မှာ ထည့်သွင်းဖော်ပြခဲ့တော့ ပို့ကုန်ရငွေ ဝင်ရောက်ပေမယ့် စာရင်းရှင်းရာမှာ နှောင့်နှေးကြန့်ကြာမှုတွေလည်း ရှိပါတယ်။

ဥပမာအနေနဲ့ ငွေဝင်ရောက်ရမယ့် နိုင်ငံခြားငွေကြေးအမျိုးအစား၊ ဘဏ်အမည်၊ ငွေလွှဲပေးပို့တဲ့ ကုမ္ပဏီ၊ တင်ပို့တဲ့ ကုန်စည်အမည် ကွဲလွဲနေတာတွေ၊ ငွေဝင်တဲ့ Code အမျိုးအစား မှားယွင်းလို့ ငွေဝင်ရောက်တဲ့အခါ အမျိုးအစား ကွဲလွဲသွားတာတွေကြောင့် ဘဏ်က စာရင်းရှင်းလင်းပေးနိုင်ခြင်းမရှိဘူး။ ဒါအပြင် သတ်မှတ်ကာလမတိုင်မီ ဗဟိုဘဏ်ကိုလည်း ကွဲလွဲမှုတွေအတွက် ခွင့်ပြုချက်တောင်းခံတာတွေ အချိန်မီ တင်ပြမထားရင် ကြွေးကျန်စာရင်းမှာ ပါဝင်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် သတ်မှတ်ကာလဖြစ်တဲ့ အာရှနိုင်ငံ တင်ပို့ရင် ရက်ပေါင်း ၃၀၊ အာရှပြင်ပတင်ပို့ရင် ရက်ပေါင်း ၆၀ အတွင်း ပို့ကုန်ရငွေဝင်ရောက်ပြီး စာရင်းရှင်းလင်းဖို့ လိုပါတယ်။ သတ်မှတ်ကာလအတွင်း စာရင်းလာရှင်းလို့ အထောက်အထားတွေ ကွဲလွဲနေလို့ ဗဟိုဘဏ်ကို ခွင့်ပြုချက်တောင်းခံထားရင် ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ဖို့ ကျန်တဲ့ စာရင်းထဲ မထည့်သွင်းဘဲ စိစစ်သွားမှာဖြစ်ပါတယ်။ သတ်မှတ်ကာလကျော်ပြီးမှ လာရောက်စာရင်းရှင်းရင် ကြွေးကျန်စာရင်းမှာ ပါဝင်သွားမှာဖြစ်လို့ စိစစ်ခြင်းနဲ့ စာရင်းရှင်းလင်းခြင်းလုပ်ငန်းစဉ် ပြီးဆုံးမှသာ ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ဖို့ ကျန်ရှိတဲ့ စာရင်းကနေ ပယ်ဖျက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ကုမ္ပဏီတွေအနေနဲ့ ဘဏ်တွေမှာ ငွေစာရင်းအများအပြားဖွင့်လှစ်ခြင်းနဲ့ ကုမ္ပဏီမှာ ပါဝင်တဲ့ ဒါရိုက်တာတွေက ကုမ္ပဏီအများအပြားထူထောင်ပြီး ဆောင်ရွက်နေတာကို တွေ့ရှိနေရတယ်။ ဒါဟာ ငွေကြေးခဝါချမှု၊ အခွန်တိမ်းရှောင်မှု၊ မူးယစ်ကိစ္စတွေနဲ့ ဆက်စပ်နေနိုင်တဲ့အတွက် တူညီတဲ့ ဒါရိုက်တာတွေပါဝင်တဲ့ ကုမ္ပဏီအရေအတွက် သတ်မှတ်ရေးကိစ္စနဲ့ ဘဏ်စာရင်းအများအပြား ဖွင့်လှစ်တဲ့ကိစ္စတွေကို ဗဟိုဘဏ်အနေနဲ့ ကန့်သတ်ရန် စီစဉ်ဆောင်ရွက်နေကြောင်းကိုလည်း အသိပေးလိုပါတယ်။

**ကိုဇော်** ။ ။ **ပို့ကုန်ရငွေနဲ့စပ်လျဉ်းပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ အခန်းကဏ္ဍကို သိခွင့်ရတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ တခြားသူတွေကိုလည်း ဗဟုသုတအဖြစ် မျှဝေနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နောင်လည်း သိချင်တာတွေကို မေးမြန်းခွင့်ပြုပေးပါအုံး။**

**ကိုသိန်း** ။ ။ ကျွန်တော်လည်း ခုလို ပြောခွင့်ရလို့ ကျေးဇူးပါ။ နောင်လည်း ဆုံချင်ပါသေးတယ်။ ။

## မိုင်းဖြတ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေး

**မိုင်းဖြတ် စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်မြတ်မိုးက မဲပေးစက်(MEVM)အကြောင်း သိကောင်းစရာများ၊ အီလက်ထရောနစ်မဲပေးစက်၏ ကောင်းကျိုးများ၊ စမ်းသပ်မဲပေးပုံများကို အဆင့်ဆင့်ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)မှ ဥက္ကဋ္ဌ ဦးတင်လင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက မဲရုံပိတ်သိမ်းချိန်တွင် မဲပေးစက်မှတစ်ဆင့် စမ်းသပ်မဲများ ရေတွက်ပုံများကို ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တောင်အာရှနှင့် အရှေ့တောင်အာရှမီဒီယာ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် ၂၀၂၅ တရုတ် - မြန်မာ Twin City မီဒီယာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ တက်ရောက်

**ကူမင်း စက်တင်ဘာ ၅**

တောင်အာရှနှင့် အရှေ့တောင်အာရှမီဒီယာ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ရှန်ဂရီလာ JEN ဟိုတယ်၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တောင်အာရှနှင့် အရှေ့တောင်အာရှမီဒီယာ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဖိန်းယန့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ သီရိလင်္ကာနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက် လာကြသူများက မစ္စတာ ရှီကျင့်ဖျင်၏ တရုတ်နိုင်ငံရေးရာ စီမံခန့်ခွဲမှုစာအုပ်ပြပွဲနှင့် ယူနန်ပြည်နယ်ဆိုင်ရာ ပြခန်းခင်းကျင်း ပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းရင်းသားသံစုံ တေးသီချင်းဖြင့် ကြိုဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဖိန်းယန့်နှင့် တရုတ်နေ့စဉ်သတင်းစာဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အယ်ဒီတာချုပ် မစ္စတာ ချွီယင်ဖူတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၅ တောင်အာရှနှင့် အရှေ့တောင်အာရှမီဒီယာ မဟာမိတ်အဖွဲ့ ပူးပေါင်းဆောင်ရွက်သည့် အောင်မြင်မှုရလဒ်များကို ထုတ်ပြန်သည်။

ထို့နောက် မဟာမိတ်အဖွဲ့ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းစတင်လည်ပတ်ခြင်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် သီရိလင်္ကာနိုင်ငံတို့မှ ကိုယ်စားလှယ်များက စုပေါင်းဖွင့်လှစ်ပေးကြပြီး ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာအကဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "ပခန်းယိမ်း" အကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် တျန်းချစ် ပညာရှင်များ တွေ့ဆုံပွဲကို ကျင်းပရာ လာအိုနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က အမှာစကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ကျင်းပသော နှစ်ပတ်လည် အစည်းအဝေးအတွက် "အပြန်အလှန် သင်ယူကိုးကားမှုများဖြင့် ဖွံ့ဖြိုးတိုးတက်ရန်"ဆိုသည့် ခေါင်းစဉ်ကို ရွေးချယ်ထားခြင်းသည် အလွန်သင့်မြတ်ပြီး အရေးပါသည့် အဓိပ္ပာယ်ကို ပေါ်လွင်စေပါကြောင်း။

ယနေ့ခေတ်တွင် တောင်အာရှနှင့် အရှေ့တောင်အာရှသည် ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသည့် စီးပွားရေး၊ နည်းပညာနှင့် လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လာနေသည့် ဒေသများဖြစ်ပါကြောင်း၊ ယခုလို အောင်မြင်မှုရရှိလာခြင်းသည် တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား အပြန်အလှန်သင်ယူမှု၊ ယဉ်ကျေးမှု ဖလှယ်မှုနှင့် မီဒီယာပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာသည်ဟု မိမိသိမြင်ယုံကြည်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများက မီဒီယာများနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေပါကြောင်း၊ အလားတူ အာဆီယံနိုင်ငံများအပြင် အခြားနိုင်ငံပေါင်းများစွာနှင့်လည်း မီဒီယာပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေပါကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံက မီဒီယာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နေသလို မကြာသေးခင်ကပင် မဲခေါင်နိုင်ငံများ စုပေါင်းပါဝင်သော Mekong Look App တွင် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် ABU, AIBD စသော အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ထိုအဖွဲ့အစည်းများက ကြီးမှူးပြီး ပြုလုပ်သည့် Media Training၊ Workshop၊ နည်းပညာဆိုင်ရာ သင်တန်းများကို Online နှင့်ရော လူကိုယ်တိုင်ပါ ပါဝင်တက်ရောက်ပြီး သင်ယူလေ့လာ အသုံးပြုမှုများ ဆောင်ရွက်နေပါကြောင်း။

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့်လည်း ယမန်နှစ်က (၄) ကြိမ်မြောက် တရုတ်-မြန်မာ Twin City မီဒီယာဖိုရမ်ကို ပူးပေါင်းကျင်းပခဲ့ပါကြောင်း၊ မီဒီယာမှတစ်ဆင့် ယဉ်ကျေးမှု ဖလှယ်ခြင်းများကို နှစ်နိုင်ငံပြည်သူများ သိရှိနားလည်အောင် ပူးပေါင်းရိုက်ကူးထုတ်လုပ်ပေးခြင်းများ၊ အပြန်အလှန်သွားလာပြီး ပူးပေါင်းရိုက်ကူးရေး ဆောင်ရွက်ခြင်းများကိုလည်း ယခုထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သင့်သည်ဟု မြင်ပါကြောင်း၊ သို့မှသာ နှစ်နိုင်ငံပြည်သူများအချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးပွားလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်းများစွာနှင့် ပူးပေါင်းပြီး ရိုက်ကူးရေး လုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ ယနေ့ကျင်းပသည့် ဖိုရမ်မှတစ်ဆင့် အပြန်အလှန်သင်ယူမှု၊ ဆန်းသစ်သော နည်းလမ်းများ ဖန်တီးမှုနှင့် တာဝန်ရှိသည့် သတင်းများဖြန့်ဝေမှုများက တောင်အာရှနှင့် အရှေ့တောင်အာရှဒေသမှ နိုင်ငံတစ်ခုချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုအတွက်ပါ အလွန်အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်လာမည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ "နယ်စပ်ကိုဖြတ်ကျော်၍ လက်ချင်းတွဲထားသည်" ခေါင်းစဉ်ဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တရုတ်နိုင်ငံလုံးဆိုင်ရာ သတင်းမီဒီယာအဖွဲ့ အမှုဆောင်အတွင်းရေးမှူး ဝူရှို့ (Wu Xu)တို့ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ သတင်းမီဒီယာကဏ္ဍတွင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းတု သတင်းမှားများကို သတင်းအမှန်များဖြင့် ပူးပေါင်းတိုက်ဖျက်ရေး၊ မကြာမီကျင်းပမည့် မြန်မာနိုင်ငံ ရွေးကောက်ပွဲအောင်မြင်ရန်အတွက် မီဒီယာကဏ္ဍမှ ဝိုင်းဝန်းကူညီအားဖြည့် ဆောင်ရွက်ပေးရေး၊ နှစ်နိုင်ငံ သတင်းမီဒီယာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ၂၀၂၅ တရုတ်-မြန်မာ Twin City မီဒီယာဖိုရမ်နှင့် "မင်္ဂလာစကားမိတ်ဆက်" "ပေါက်ဖော်မေတ္တာ နွေးထွေးစွာ တရုတ် - မြန်မာ" စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ ကယ်ဆယ်ရေးအဖွဲ့များ၊ မီဒီယာများနှင့် မိတ်ဖက် ချစ်ကြည်ရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ငလျင်ဘေးသင့်ဒေသများသို့ ယူနန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးအဖွဲ့ သွားရောက်ကယ်ဆယ်ခဲ့သည့် Video Clip ကို ပြသ၍ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးဦး၊ ယူနန်ပြည်နယ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာ- တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ မန္တလေးအဝေးသင်တက္ကသိုလ်မှ ဥပဒေအထူးပြု ကျောင်းသူ မနေခြည်အောင်မြင့်နှင့် တာဝန်ရှိသူများက မန္တလေးမြေငလျင်ကြီးနှင့် ပတ်သက်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ကယ်ဆယ်ရေး နည်းလမ်းများနှင့် ဘာသာစကားက နယ်နိမိတ်မဲ့၍ ချစ်ခြင်းမေတ္တာ အတားအဆီးမရှိခြင်းနှင့် ပတ်သက်ပြီး အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ "မီဒီယာချင်းလက်တွဲ၍ အနာဂတ်သို့ လျှောက်လှမ်းမည်" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းစု ပါတီကော်မတီဝင် ဒုတိယအယ်ဒီတာချုပ် ဝမ်ထင်ရောင်၊ မြန်မာနိုင်ငံ ရွှေဇာမဏီ တရုတ်သတင်းစာ တာဝန်ခံ ဒေါ်ချိုသက်ထွန်းနှင့် တယ်ဟုန်ပြည်နယ်ခွဲ သတင်းရုံးခန်း ဌာနမှူး လီဇုန်းမင်တို့က ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းမှ ဦးမြတ်ခိုင်တို့အပါအဝင် မြန်မာပုဂ္ဂလိက မီဒီယာအဖွဲ့နှင့် တရုတ်မီဒီယာအဖွဲ့မှ ကိုယ်စားလှယ်များက နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် AI နည်းပညာကို အသုံးပြု၍ သတင်းမီဒီယာလုပ်ငန်းများ မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ 1903 ပန်းခြံ၌ ကျင်းပသည့် "တောင်ပိုင်းဒေသညချမ်း" ပဒေသာကပွဲနှင့် "ချည် Show ပိုးဖဲအနီးအနားတဖွဲဖွဲ" ယဉ်ကျေးမှုဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ပြန်ကြားရေးဝန်ကြီးများက တရုတ် - မြန်မာ ဈေးပွဲတော်နှင့် တရုတ်-ကမ္ဘောဒီးယား ဈေးပွဲတော်တို့ကို ဖွင့်လှစ်ပေးကြပြီး တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယား သုံးနိုင်ငံ အနုပညာရှင်များ စုပေါင်းတင်ဆက်သည့် Flash Light ဖျော်ဖြေမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "ရွှေလက်ကမ်း၍ ကြိုလျက်ပါ" အကဖြင့် ဖျော်ဖြေမှု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ "နန်းကြာညိုကြော့" အကဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တရုတ်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များသည် ပြခန်းများ၌ ခင်းကျင်းပြသထားသည့် နိုင်ငံအလိုက် ထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံက ဝင်ရောက်ပြသသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လက်မှုပညာပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ လက်ဆောင်ပစ္စည်းအရောင်းပြခန်း၊ ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သည့် ခရီးစဉ်ဒေသများနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေ သဘာဝရှုခင်းများပြခန်း၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဈေးပွဲတော်တွင် တောင်အာရှနှင့် အရှေ့တောင်အာရှမှ စီးပွားရေးလုပ်ငန်းရှင် ၁၅၀ ကျော်က နိုင်ငံအလိုက် ထုတ်ကုန်ပစ္စည်းများအပြင် ယူနန်ဒေသထွက် စိုက်ပျိုးရေးထုတ်ကုန်များနှင့် ယူနန်ပညာရေးပြခန်းတို့ကို ခင်းကျင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ သစ်အခြေခံစက်မှုလုပ်ငန်းရှင်များ၊ ကြိမ်၊ ဝါး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် သစ်အခြေခံစက်မှုလုပ်ငန်းရှင်များ၊ ကြိမ်၊ ဝါး အချောထည်လုပ်ငန်းရှင်များ၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သစ်အခြေခံစက်မှုလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းများကို သဘာဝတောများနှင့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စိုက်ခင်းများမှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့အတူ ဝါးနှင့် ကြိမ်လုပ်ငန်းများအတွက် သဘာဝတောများမှ နှစ်စဉ် ဝါးလုံးရေ ၃၁၈ သန်းနှင့် ကြိမ်လုံးရေ၇၇ သန်း ထုတ်ပေးလျက်ရှိပြီး ပုဂ္ဂလိကဝါးစိုက်ခင်းများ တည်ထောင်မှုကိုလည်း စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သစ်၊ ဝါး၊ ကြိမ် အချောထည်များကို နည်းပညာအသုံးပြု၍ တိုးမြှင့်ထုတ်လုပ် တင်ပို့နိုင်ပါက အလုပ်အကိုင်အခွင့်အရေးများ ပိုမိုရရှိစေမည့်အပြင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းရရှိရေး၊ ထုတ်လုပ်သည့် အချောထည်များ ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေး၊ ကုန်ချောများ တင်ပို့ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဌာနနှင့် လုပ်ငန်းရှင်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းရှင်များက လုပ်ငန်းအမျိုးအစားအလိုက် ကုန်ကြမ်းရရှိမှု၊ ကုန်ချောထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ၊ တွေ့ကြုံရသော အခက်အခဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် သန်လျင်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၃) ပရိဘောဂစက်ရုံ၌ စက်ရုံမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့သစ်လုပ်ငန်းအနေဖြင့် တန်ဖိုးမြှင့်သစ်အချောထည်များထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များရှာဖွေ၍ ရငွေလျာထားချက် ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားပြီး စက်ရုံအတွင်း တန်ဖိုးမြှင့်ခွဲသားများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် အမှတ်(၁) ပရိဘောဂစက်ရုံနှင့် အမှတ်(၂) ပရိဘောဂစက်ရုံများ၌ တန်ဖိုးမြှင့်ခွဲသား၊ ကြမ်းခင်းတုံးနှင့် အိမ်သုံး၊ ရုံးသုံးပရိဘောဂ အချောထည်များ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်တွင်း ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြရန် ဝိုင်းဝန်းပူးပေါင်းစီစဉ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၅**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော မန္တလေးမြို့ရှိ ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေး၊ ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် စီးပွားရေးရာဝန်ကြီး၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဝန်ကြီးဌာနပိုင် ငှားရမ်းဟိုတယ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဟိုတယ်များသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။**(အပေါ်ပုံ)**



ကြည့်ရှုစစ်ဆေးစဉ် ဟိုတယ်များမှ တာဝန်ရှိသူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း၌ အထင်ကရ ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများစွာရှိသည့်အတွက် ပွင့်လင်းရာသီကာလ ခရီးသွားရာသီအမီ ဟိုတယ်လုပ်ငန်းများ ယခုထက်ပိုမိုလည်ပတ်နိုင်ရန် တာဝန်ရှိသူများက ကြိုးစားကြရေး၊ မန္တလေးမြို့သို့ ပြည်တွင်း ပြည်ပ ခရီးသွားများ ပိုမိုလာရောက် လည်ပတ်ကြရန် ဝိုင်းဝန်းပူးပေါင်း စီစဉ်ဆောင်ရွက်ကြရေး၊ ငလျင်ဒဏ်သင့် ဟိုတယ်အဆောက်အအုံ၊ အခန်းများ၊ ခန်းမများကို ပြင်ဆင်ရာတွင် သတ်မှတ်ထားရှိသည့် စံသတ်မှတ်ချက်များအတိုင်း ပြင်ဆင်ကြရေး၊ ဟိုတယ်သို့လာရောက် တည်းခိုသည့်ဧည့်သည်များအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်များ ပြင်ဆင်ထားရှိရေး၊ ဟိုတယ်များ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်မှုရှိသော မြေယာရှုခင်း သာယာလှပရေးအတွက် ကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မန္တလေးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မန္တလေးမြို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်အကောင်အထည်ဖော်နိုင်ရေး၊ မန္တလေးမြို့ရှိ ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာ နေရာများသို့ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ သွားရောက်လည်ပတ်နိုင်ရေး၊ ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များနှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ရေး၊ ငလျင်ကာလအလွန် ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်း အမြန်ဆုံးလည်ပတ်လုပ်ကိုင်နိုင်ကြရေး၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်းရှိ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်နိုင်ရေးတို့ကို တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက အသင်းအဖွဲ့များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်စည်ပင်သာယာဈေးများ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်

**လွိုင်ကော် စက်တင်ဘာ ၅**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စည်ပင်သာယာဈေးများ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နောင်ယားဈေးသို့ ရောက်ရှိပြီး နောင်ယား(က)နှင့် နာနတ်တောရပ်ကွက်နေ ပြည်သူများ၊ စုပေါင်းဝန်ထမ်းအိမ်ရာနေ ဝန်ထမ်းမိသားစုများ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာဝယ်ယူနိုင်ရန် အကြမ်းဖက်သောင်းကျန်းသူများကြောင့်ထိခိုက်ပျက်စီးခဲ့သည့် နောင်ယားဈေး ပြန်လည်ဖွင့်လှစ်နိုင်ရေး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဈေးဆိုင်ခန်းရှင်များနှင့် ဆက်သွယ်၍ စနစ်တကျ ပြန်လည်ဖွင့်လှစ်ရောင်းချနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ရောက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ခရိုင်ဦးစီးမှူးရုံး အဆောက်အအုံ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ သံကူကွန်ကရစ်အမျိုးအစား စိုက်ပျိုးရေးပစ္စည်းသိုလှောင်ရုံ ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ဒေါ်ဥခူရပ်ကွက်ရှိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ အုတ်ညှပ်တစ်ထပ် တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒေါ်ဥခူပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကာ ကျောင်းတိုက်အတွင်း ဆရာတော်သီတင်းသုံးဆောင်၊ စာသင်သံဃာတော်များ သီတင်းသုံးသည့် သုံးထပ်ကျောင်းဆောင်၊ ကျောင်းတိုက်ဓမ္မာရုံ၊ နှစ်ထပ်ဆွမ်းစားဆောင်နှင့် သိမ်ကျောင်းဆောင် အဆောက်အအုံများ ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဝါတွင်းကာလတွင် ဥပုသ်သီလများ လာရောက်ဆောက်တည်နိုင်ရန်နှင့် သီတင်းကျွတ်ကာလတွင် ဘာသာရေးပွဲတော်များ ကျင်းပနိုင်ရန်အတွက် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ ( ၂ )

မဲဆန္ဒရှင်တစ်ဦး

### နိဒါန်း

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ဆောင်ရွက်ပါမည်။ လွှတ်တော်အလိုက် မဲဆန္ဒနယ်မြေများစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် သတ်မှတ်ကြေညာခဲ့ပါသည်။ ပထမပိုင်းအတွက် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ၂၀-၈-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အပိုင်းလိုက် ဆန္ဒမဲပေးရမည့်နေ့ရက်နှင့် မြို့နယ်များစာရင်းကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

### ရွေးကောက်ပွဲစနစ်သစ်အတွက် အဓိကအချက်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄၅/၂၀၂၅ ၊ ၄၆/၂၀၂၅၊ ၄၇/၂၀၂၅ တို့ဖြင့် ၂၉-၇-၂၀၂၅ ရက်နေ့တွင် လွှတ်တော် (၃)ရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၅ ၊ ၅၁/၂၀၂၅ ၊ ၅၂/၂၀၂၅ တို့ဖြင့် လွှတ်တော် (၃)ရပ်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများကို ၇-၈-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် MMP စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့် စနစ်တစ်မျိုးဖြစ်ပါသည်။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်ပါသည်။

လာမည့်ရွေးကောက်ပွဲအတွက် MMP စနစ်ကျင့်သုံးရာတွင် ဥပဒေမူဘောင်၊ မဲဆန္ဒနယ်သတ်မှတ်ခြင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ကိုယ်စားလှယ်လောင်းများမဲဆွယ်စည်းရုံးခြင်း၊ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရလဒ်များပေါင်းစည်းတွက်ချက်ခြင်း၊ မဲဆန္ဒနယ်ကိုယ်စားပြုခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်း၊ PR လစ်လပ်ကိုယ်စားလှယ်နေရာ အစားထိုးဖြည့်စွက်ခြင်းတို့သည် စနစ်သစ်ဖြင့် ကျင်းပမည့် ရွေးကောက်ပွဲအတွက် အဓိကကျသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်ပါသည်။

### ဥပဒေမူဘောင်

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သည့်ရွေးကောက်ပွဲစနစ် ကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့သော် လွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်များအရ သင့်လျော်သော ရွေးကောက်တင်မြှောက်ပုံစနစ်ကို ရွေးချယ်ကျင့်သုံးခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်အရ လျော်ကန်သည့် FPTP စနစ်ဖြင့် ယခင်အတိုင်း တစ်မြို့နယ်လျှင် ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် ကိုယ်စားလှယ် ၃၃၀ ကို ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပါသည်။

အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တူညီသော ကိုယ်စားလှယ်အရေအတွက် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်ရသဖြင့် FPTP အားသာချက်ရော PR အားသာချက်ပါရရှိမည့် MMP ကျင့်သုံးခြင်းဖြစ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသခြောက်ခုအတွက်လည်း FPTP မဲဆန္ဒနယ် တစ်နယ်စီ သတ်မှတ်ပြီး ကိုယ်စားလှယ် တစ်ဦးကျစီ ရွေးကောက်ရမည်ဖြစ်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်အရ တစ်မြို့နယ်လျှင် နှစ်ဦးကျစီဖြစ်သဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များ သတ်မှတ်ပြီး MMP ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များအတွက်လည်း FPTP စနစ်ဖြင့် ရွေးကောက်ရမည်ဖြစ်ပါသည်။

- **လာမည့် စနစ်သစ်နှင့် ရွေးကောက်ပွဲတွင် မဲရုံအားလုံး၌ MEVM အီလက်ထရောနစ် မဲပေးစက်များဖြင့် ခလုတ်နှိပ်၍ မဲပေးကြရမည်**
- **ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများတွင် အကျုံးဝင်သော မဲစာရင်းပါရှိရာမြို့နယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများသည် နည်းဥပဒေပါ နည်းလမ်းအတိုင်း တောင်းဆို၍ ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ဘောပင်ဖြင့် အမှန် (✓) အမှတ်အသားပြု၍ ကြိုတင်ဆန္ဒမဲပေးနိုင်**

### မဲဆန္ဒနယ်သတ်မှတ်ခြင်း

MMP စနစ်အရ လွှတ်တော်အလိုက် မဲဆန္ဒနယ်အမျိုးအစား နှစ်မျိုးရှိသည်။ ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည့် FPTP မဲဆန္ဒနယ်များနှင့် တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည့် PR မဲဆန္ဒနယ်များဖြစ်သည်။ မဲဆန္ဒနယ်များ၏ ပုံသဏ္ဌာန် သုံးမျိုးရှိသည်။ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ် တစ်နယ်သတ်မှတ်သည့်ပုံစံ၊ တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကို စုစည်း၍ မဲဆန္ဒနယ် တစ်နယ် သတ်မှတ်သည့်ပုံစံ၊ တိုင်းဒေသကြီး၊ ပြည်နယ် တစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည့်ပုံစံတို့ဖြစ်သည်။ ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် FPTP မဲဆန္ဒနယ် တစ်နယ်စီဖြင့် မဲဆန္ဒနယ် ၃၃၀ နယ် သတ်မှတ်ပါသည်။

အမျိုးသားလွှတ်တော်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကိုစုစည်း၍ FPTP မဲဆန္ဒနယ် ခြောက်နယ် သတ်မှတ်ပါသည်။ ယင်း FPTP မဲဆန္ဒနယ်များကို စုစည်း၍ PR မဲဆန္ဒနယ်တစ်နယ် သို့မဟုတ် အများဆုံးသုံးနယ် သတ်မှတ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသပါဝင်သော ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတစ်ခုစီအတွက် မူလ FPTP မဲဆန္ဒနယ် ခြောက်နယ်တွင် တစ်နယ်စီ ပါဝင်ပါသည်။ PR မဲဆန္ဒနယ် တစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ငါးခု၊ PR မဲဆန္ဒနယ် နှစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခု၊ PR မဲဆန္ဒနယ် သုံးနယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် သုံးခု ဖြစ်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တစ်မြို့နယ်လျှင် FPTP မဲဆန္ဒနယ် တစ်နယ်စီ သတ်မှတ်ပါသည်။ တစ်ဆက်တစ်စပ်တည်းရှိသော FPTP မဲဆန္ဒနယ်များကိုစုစည်း၍ PR မဲဆန္ဒနယ်များအဖြစ် သတ်မှတ်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့နယ်အရေအတွက် အပေါ်မူတည်ပြီး PR မဲဆန္ဒနယ်များကို အနည်းဆုံး တစ်နယ် သို့မဟုတ် လိုအပ်သလို သတ်မှတ်ပါသည်။ PR မဲဆန္ဒနယ် တစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ငါးခု၊ PR မဲဆန္ဒနယ် နှစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် နှစ်ခု၊ PR မဲဆန္ဒနယ် သုံးနယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် တစ်ခု၊ PR မဲဆန္ဒနယ် လေးနယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် နှစ်ခု၊ PR မဲဆန္ဒနယ် ငါးနယ် သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် နှစ်ခု၊ PR မဲဆန္ဒနယ် ခြောက်နယ် သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် နှစ်ခု ဖြစ်ပါသည်။

သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလုံးကို FPTP မဲဆန္ဒနယ် တစ်နယ်အဖြစ် သီးခြားသတ်မှတ်ပါသည်။ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဂ) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဃ)တို့အရ မဲဆန္ဒနယ်များသတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၃၃၀ နယ်၊ အမျိုးသားလွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၈၄ နယ်နှင့် PR မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် FPTP မဲဆန္ဒနယ် ၃၂၂ နယ်၊ PR မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ် ၂၉ နယ်၊ မဲဆန္ဒနယ်စုစုပေါင်း ၈၃၃ နယ်ဖြစ်ပါသည်။

### ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း

ပြည်သူ့လွှတ်တော် FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းသည် မဲဆန္ဒနယ်နှင့်သက်ဆိုင်သည့် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရမည်။ တစ်သီးပုဂ္ဂလများလည်း အမည်စာရင်း တင်သွင်းနိုင်ပါသည်။

အမျိုးသားလွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါမည်။ FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီများသည် ယင်း FPTP မဲဆန္ဒနယ် အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း အမည်စာရင်းတင်သွင်းရပါမည်။ အရေအတွက် လျှော့ပေါ့တင်သွင်း၍ မရပါ။ MMP စနစ်အတွက် အဓိက အချက်ဖြစ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတစ်ခုစီအတွက် FPTP မဲဆန္ဒနယ်တစ်နယ်စီ သီးခြားပါဝင်ပြီး ယင်း FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ ဖြစ်သင့်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် ကော်မရှင်က သတ်မှတ်ပေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါသည်။ အမျိုးသားလွှတ်တော်နည်းတူ FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များအတွက် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အမည်စာရင်း တင်သွင်းရပါသည်။ တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါသည်။

ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန၏ ခရိုင်များတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအရ မူလခရိုင်များအပြင် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည့် ခရိုင်အသစ်များလည်း ပေါ်ပေါက်လာပါသည်။ ခရိုင်များတိုးချဲ့ဖွဲ့စည်းလိုက်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရမည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများ သတ်မှတ်ချက်အား ကော်မရှင်က ၂၆-၈-၂၀၂၅ ရက်နေ့တွင် နိုင်ငံရေးပါတီများသို့ အသိပေးအကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။ ကော်မရှင်က သတ်မှတ်သည့်ခရိုင်များတွင် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ တင်သွင်းရမည်ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့် မဲဆန္ဒနယ်အားလုံးအတွက် တင်သွင်းနိုင်မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲဆောင်ရွက်ခြင်းမှာ ဆန္ဒမဲပေးရမည့်ရက်ကိုသာ ခွဲခြားသတ်မှတ်ခြင်းဖြစ်ပါသည်။

မဲဆန္ဒနယ်အသီးသီးအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်ရက်မှာ ၈-၉-၂၀၂၅ ရက်နေ့ဖြစ်ပြီး နောက်ဆုံးတင်သွင်းရမည့်နေ့ရက်မှာ ၁၇-၉-၂၀၂၅ ရက်နေ့အထိ ၁၀ ရက်ဖြစ်ပါသည်။ အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုက် ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်မှာ ၁၂-၉-၂၀၂၅ ရက်နေ့ဖြစ်ပါသည်။ PR မဲဆန္ဒနယ်များအတွက် အမည်စာရင်းရုပ်သိမ်းပါက ပြန်လည်အစားထိုးတင်သွင်းရမည့်ရက်မှာ ၁၃-၉-၂၀၂၅ ရက်နေ့မှ ၁၇-၉-၂၀၂၅ ရက်နေ့အထိ ဖြစ်ပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက အမည်စာရင်းတင်သွင်းလွှာများကို စိစစ်မည့်နေ့ရက်မှာ ၁၈-၉-၂၀၂၅ ရက်နေ့မှ ၄-၁၀-၂၀၂၅ ရက်နေ့အထိ ၁၇ ရက်ဖြစ်ပါသည်။ ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့်ရက်အတွင်း ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းနှင့် စိစစ်ခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

PR မဲဆန္ဒနယ်သည် ပါတီအချိုးကျကိုယ်စားပြုစနစ်အတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် တစ်သီးပုဂ္ဂလများ ပါဝင်၍မရပါ။ တစ်သီးပုဂ္ဂလများအနေဖြင့် လွှတ်တော်သုံးရပ်စလုံးအတွက် FPTP မဲဆန္ဒနယ်များတွင်သာ ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည်။

**မဲဆွယ်စည်းရုံးခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ အရနိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်ရှိသည်။ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၁ အရလည်း ပါတီမှတ်ပုံတင်ခွင့်ရသည့်နေ့မှစ၍ ပါတီဝင်အင်အားစုဆောင်းခြင်းနှင့် ပါတီစည်းရုံးရေးလုပ်ငန်းများကို ပါတီစည်းမျဉ်းနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ယခင်ရွေးကောက်ပွဲများတွင် ကော်မရှင်က ညွှန်ကြားချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။ ယခု လာမည့်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း စည်းကမ်းတကျဆောင်ရွက်နိုင်ရန်၊ ရွေးကောက်ပွဲပြစ်မှုများ၊ အငြင်းပွားမှုများနှင့် ဥပဒေချိုးဖောက်မှုများ လျော့နည်းစေရန်အတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် ပုဒ်မ ၃၀ – က ဖြင့် ဖြည့်စွက်ပြဋ္ဌာန်းထားပါသည်။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို နည်းဥပဒေတွင်လည်း သီးခြားအခန်းတစ်ခန်းဖြင့် ပြဋ္ဌာန်းထားပါသည်။

လွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များက ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်ကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်ဖြစ်ပါသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကို မကျူးလွန်မိစေရန် အထူးသတိပြုရပါမည်။ နိုင်ငံရေးပါတီများကလည်း အပြန်အလှန်စောင့်ကြည့်ထိန်းကျောင်းရန် လိုအပ်ပါသည်။ ပါတီက ကျူးလွန်သည်ဖြစ်စေ၊ ကိုယ်စားလှယ်လောင်းက ကျူးလွန်သည်ဖြစ်စေ FPTP မဲဆန္ဒနယ်အတွက်ရော PR မဲဆန္ဒနယ်အတွက်ပါ သက်ရောက်မှုရှိမည်ဖြစ်ပါသည်။

**ဆန္ဒမဲပေးခြင်း**

လာမည့် စနစ်သစ်နှင့် ရွေးကောက်ပွဲတွင် မဲရုံအားလုံး၌ MEVM အီလက်ထရောနစ် မဲပေးစက်များဖြင့် ခလုတ်နှိပ်၍ မဲပေးကြရမည်ဖြစ်ပါသည်။ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများတွင် အကျုံးဝင်သော မဲစာရင်းပါရှိရာ မြို့နယ်ပြင်ပရောက် တပ်မတော်သားများနှင့်အတူနေအိမ်ထောင်စုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများသည် နည်းဥပဒေပါ နည်းလမ်းအတိုင်း တောင်းဆို၍ ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ဘောပင်ဖြင့် အမှန် (✔) အမှတ်အသားပြု၍ ကြိုတင်ဆန္ဒမဲပေးနိုင်ပါသည်။

ရွေးကောက်ပွဲကျင်းပသောနေ့တွင် မဲဆန္ဒနယ်အတွင်းရှိသော်လည်း မဲရုံသို့ မလာရောက်နိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူ၊ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူ၊ မဲစာရင်းပါရှိရာ ဒေသမှ ကျော်လွန်၍ ယာယီတာဝန်ထမ်းဆောင်ရသည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတွင် နည်းဥပဒေပါ နည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ပါသည်။

မဲဆန္ဒရှင်က ဆန္ဒမဲပေးရာတွင် ကြိုတင်မဲပေးခြင်းဖြစ်စေ၊ မဲပေးစက်ဖြင့် မဲပေးခြင်းဖြစ်စေ နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ ဆန္ဒပြုမဲပေးရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်က ယခင်ရွေးကောက်ပွဲများအတိုင်း ကိုယ်စားလှယ်လောင်းကို တစ်ကြိမ် ဆန္ဒမဲပေးရုံဖြင့် FPTP ကိုယ်စားလှယ်ရော PR ကိုယ်စားလှယ်အတွက်ပါ တစ်ဆက်တည်း ရွေးကောက်တင်မြှောက်ပေးနိုင်မည်ဖြစ်ပါသည်။

**ဆန္ဒမဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်း**

MMP စနစ်တွင် မဲဆန္ဒရှင်က နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်၊ ပါတီကို တစ်ကြိမ် မဲပေးရခြင်းရှိသကဲ့သို့ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာမဲပေးရပြီး ကိုယ်စားလှယ်က ရရှိသည့်မဲကို ပါတီကရသည့် မဲအဖြစ် သတ်မှတ်သည့် ရိုးရှင်းသောနည်းလမ်းလည်း ကျင့်သုံးပါသည်။ ယခု ရွေးကောက်ပွဲဥပဒေတွင် မဲဆန္ဒရှင်က လွှတ်တော်မဲဆန္ဒနယ်အလိုက် FPTP ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ မဲပေးရပါမည်။ ဆန္ဒမဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းက FPTP မဲဆန္ဒနယ်အတွက် ရွေးကောက်ခံရမည်ဖြစ်ပါသည်။

ဤနေရာတွင် MMP စနစ်အရ FPTP ကနေ PR စနစ်ကို ကူးပြောင်းသည့် ပုံစံ အရေးကြီးပါသည်။ FPTP မဲဆန္ဒနယ် (အမျိုးသားလွှတ်တော်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ မပါ) တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပါတီများက FPTP မဲဆန္ဒနယ် အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း အမည်စာရင်းတင်သွင်းရမည် ဖြစ်ပါသည်။ FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်က ရရှိသည့် ဆန္ဒမဲကို PR မဲဆန္ဒနယ်အတွက် ပါတီကရရှိသည့် ဆန္ဒမဲအဖြစ် စုစည်းတွက်ချက်သွားမည် ဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် ပါတီအသီးသီးက စုစည်းရရှိသည့် ဆန္ဒမဲများအပေါ်မူတည်ပြီး ပါတီအများသိပြီးဖြစ်သော ရိုးရှင်းလွယ်ကူသည့် Closed List PR စနစ်၊ အနည်းဆုံးရရှိရမည့် အခြေခံမဲ Hare Quota တွက်နည်း၊ ကြွင်းကျန်မဲအများဆုံးနည်းလမ်း (The Largest Remainder Method) တို့ဖြင့် ပါတီအချိုးကျ PR ကိုယ်စားလှယ်များကို ဥပဒေအတိုင်း တွက်ချက်သွားမည်ဖြစ်ပါသည်။ ထိုသို့ တွက်ချက်ရာတွင် PR မဲဆန္ဒနယ်များသည် ပါတီအချိုးကျ ကိုယ်စားလှယ်များအတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလများရရှိသော ခိုင်လုံမဲများကို PR မဲဆန္ဒနယ်တွင် ထည့်သွင်းတွက်ချက်ခြင်း မပြုကြောင်း သိရှိထားရန်လိုပါသည်။

ဥပမာ – Closed List PR သဘောအရ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း ပါတီက ဦးစားပေးအစီအစဉ်ဖြင့် အမည်စာရင်းကို ကော်မရှင်ထံ ကြိုတင်တင်ပြရပါမည်။ အနည်းဆုံးရရှိရမည့် အခြေခံမဲ Hare Quota တွက်နည်းဆိုသည်မှာ ကိုယ်စားလှယ် ခြောက်ဦး ရွေးကောက်ရမည့် PR မဲဆန္ဒနယ်တွင် ခိုင်လုံမဲစုစုပေါင်း ၆၀၀၀၀ ဆိုပါစို့။ အခြေခံမဲ ၁၀၀၀၀ ရပါက ကိုယ်စားလှယ်တစ်ဦး ရွေးကောက်ခံရခြင်းဖြစ်ပါသည်။ အခြေခံမဲ Quota တစ် Quota ရလျှင် ကိုယ်စားလှယ်တစ်ဦးရခြင်းဖြစ်ပါသည်။ ကြွင်းကျန်မဲအများဆုံးနည်းလမ်း (The Largest Remainder Method) ဆိုသည်မှာ ပါတီရရှိသည့် ခိုင်လုံမဲကို Quota ဖြင့် စားခြင်း စားလဒ်အရ ကိုယ်စားလှယ်ဦးရေကို တွက်ချက်ခြင်းဖြစ်ပါသည်။ သာမန်အားဖြင့် ခိုင်လုံမဲစုစုပေါင်း ၆၀၀၀၀ တွင် A ပါတီက မဲ ၄၀၀၀၀ ရလျှင် ကိုယ်စားလှယ် လေးဦး၊ B ပါတီက မဲ ၂၀၀၀၀ ရလျှင် ကိုယ်စားလှယ် နှစ်ဦး ရမည့်သဘောဖြစ်ပါသည်။ Quota နည်းဖြင့် သတ်မှတ်ကိုယ်စားလှယ်ဦးရေ မပြည့်သေးပါက စားကြွင်းအရ ပါတီများ၏ ကြွင်းကျန်မဲများကို အများအနည်းအလိုက် ကိုယ်စားလှယ်တစ်ဦးကျစီ ဖြည့်စွက်ပေးခြင်းဖြစ်ပါသည်။

MMP အရ ဆန္ဒမဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်မည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ ပါတီကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲလေ့လာသူများ၊ အသိသက်သေများ၊ မဲဆန္ဒရှင်များက စောင့်ကြည့်လေ့လာနိုင်ပါသည်။ ဤတွက်နည်းအရ မဲဆန္ဒရှင်က မဲတစ်ကြိမ်ပေးရုံဖြင့် FPTP မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်များနှင့် PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်များကိုပါ တစ်ဆက်တစ်စပ်တည်း ရွေးကောက်တင်မြှောက်နိုင်မည်ဖြစ်ပါသည်။ အလွန်ရိုးရှင်းလွယ်ကူပါသည်။ FPTP အတွက်ရော PR အတွက်ပါ မျှတသော ကိုယ်စားလှယ်အချိုး ရရှိနိုင်ပါသည်။

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲအတွက် MMP စနစ်နမူနာပုံစံ**

မြို့နယ်အရေအတွက်နည်းသော ပြည်နယ်တစ်ခုအတွက် ဥပမာပေးတင်ပြလိုပါသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး ရွေးကောက်တင်မြှောက်ရာတွင် FPTP မဲဆန္ဒနယ် ခြောက်နယ် သတ်မှတ်၍ ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် ခြောက်ဦး ရွေးကောက်တင်မြှောက်ပါမည်။ ယင်းမဲဆန္ဒနယ် ခြောက်နယ်ကို ပေါင်း၍ ပြည်နယ်တစ်ခုလုံးအား PR မဲဆန္ဒနယ် တစ်နယ် သတ်မှတ်ပါမည်။ FPTP မဲဆန္ဒနယ်များမှ ပါတီကိုယ်စားပြုကိုယ်စားလှယ်များ ရရှိသည့်မဲများကို ပါတီက ရရှိသည့်မဲများအဖြစ် တွက်ယူပြီး PR မဲဆန္ဒနယ်အတွက် ပါတီအချိုးကျ ကိုယ်စားလှယ် ခြောက်ဦး ရွေးကောက်တင်မြှောက်ခြင်း နမူနာတွက်နည်းအား ဇယား (၁)၊ ဇယား(၂)၊ ဇယား (၃) တို့ဖြင့် ဖော်ပြအပ်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်များအတွက်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် ကိုယ်စားလှယ်အရေအတွက်ပေါ် မူတည်၍ MMP စနစ်အရ ဤနမူနာ တွက်နည်းအတိုင်းဖြစ်ပါသည်။

**အမျိုးသားလွှတ်တော် MMP စနစ် ရွေးကောက်ပွဲ**
**ကိုယ်စားလှယ်နေရာ (၆) နေရာရှိသော PR မဲဆန္ဒနယ်အတွက် ပါတီအလိုက် ဦးစားပေး ကိုယ်စားလှယ်လောင်းစာရင်း**

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | (E)ပါတီ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးမျိုး | ၁။ ဦးက | ၁။ ဦးမြိုင် |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးတိုး | ၂။ ဦးနိုး | ၂။ ဦးဂ |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဒေါ်မူမူ | ၃။ ဒေါ်ကြူ | ၃။ ဒေါ်ဆ |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်ကြိုင် | ၄။ ဒေါ်နိုင် | ၄။ ဒေါ်ဇ |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဦးကျော် | ၅။ ဦးကော် | ၅။ ဦးဃ |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးသူ | ၆။ ဦးထိန် | ၆။ ဦးင |

**တွက်ချက်မှုဇယား List PR (Closed List)**

**အနည်းဆုံးရရှိမည့် အခြေခံမဲ (Quota)** = ၉၀၀,၀၀၀ / ၆ = ၁၅၀,၀၀၀

| ပါတီ | ရရှိသည့် ဆန္ဒမဲပေါင်း | Quota အရ ပထမရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကြွင်းကျန်မဲ ပေါင်း | ကြွင်းကျန်မဲမှ ထပ်မံရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကိုယ်စားလှယ် ဦးရေပေါင်း |
|---|---|---|---|---|---|
| **(A)ပါတီ** | ၃၃၀,၀၀၀ | ၂ | ၃၀,၀၀၀ | | ၂ |
| **(B)ပါတီ** | ၁၉၀,၀၀၀ | ၁ | ၄၀,၀၀၀ | | ၁ |
| **(C)ပါတီ** | ၂၂၀,၀၀၀ | ၁ | ၇၀,၀၀၀ | ၁ | ၂ |
| **(D)ပါတီ** | ၆၀,၀၀၀ | | ၆၀,၀၀၀ | | |
| **(E)ပါတီ** | ၁၀၀,၀၀၀ | | ၁၀၀,၀၀၀ | ၁ | ၁ |
| **စုစုပေါင်း** | ၉၀၀,၀၀၀ | ၄ | | ၂ | ၆ |

**ရှင်းလင်းချက်။** ပါတီအသီးသီးက ရရှိသော ခိုင်လုံမဲများသည် မူလ FPTP မဲဆန္ဒနယ် ခြောက်နယ်တွင် ယင်းပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းများရရှိသော ခိုင်လုံမဲများကို စုပေါင်းထားခြင်းဖြစ်ပါသည်။

**အမျိုးသားလွှတ်တော် MMP စနစ် ရွေးကောက်ပွဲ**
**ပါတီများ ကြိုတင်တင်ပြထားရမည့် ကိုယ်စားလှယ်လောင်း ဦးစားပေးအစီအစဉ်အရ ရွေးချယ်ခံရသည့် ကိုယ်စားလှယ် (နမူနာပုံစံ)**

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | (E)ပါတီ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးမျိုး | ၁။ ဦးက | ၁။ ဦးမြိုင် |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးတိုး | ၂။ ဦးနိုး | ၂။ ဦးဂ |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဒေါ်မူမူ | ၃။ ဒေါ်ကြူ | ၃။ ဒေါ်ဆ |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်ကြိုင် | ၄။ ဒေါ်နိုင် | ၄။ ဒေါ်ဇ |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဦးကျော် | ၅။ ဦးကော် | ၅။ ဦးဃ |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးသူ | ၆။ ဦးထိန် | ၆။ ဦးင |

**ရှင်းလင်းချက်။** PR မဲဆန္ဒနယ်အတွက် (A) ပါတီ နှစ်ဦး၊ (B) ပါတီ တစ်ဦး၊ (C) ပါတီ နှစ်ဦး၊ (E) ပါတီ တစ်ဦး စုစုပေါင်း ခြောက်ဦး ရွေးကောက်ခံရပါသည်။

*စာမျက်နှာ ၁၂ သို့*

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို **"သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲဆောင်ရွက်မှုများ"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များဖြစ်သည့် ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်လာချိန်တွင် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ကျရောက်ပြီးနောက် လူသားချင်းစာနာမှုအကူအညီပေးခြင်းနှင့် ဘေးဒဏ်ခံနိုင်ရည်ရှိသော မြို့ရွာများဖြစ်စေရေး ပြန်လည်ထူထောင်တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထု လက်တွဲပူးပေါင်းဆောင်ရွက်မှုများ၊ မိတ်ဆွေနိုင်ငံများ၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပါဝင်ကူညီဆောင်ရွက်မှုများ အစရှိသည့် အကြောင်းအရာများကို အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ကွန်ပျူတာစာလုံး(Pyidaungsu)၊ စာလုံးအရွယ်အစား ၁၃(Font Size 13)၊ စာကြောင်း အကွာအဝေး ၁ ဒသမ ၃ (Line Spacing 1.3)၊ စာရွက်ဘောင်ဆိုက် ၁ လက်မ ပတ်လည် (Margins 1' ပတ်လည်)၊ Microsoft Word ဖြင့် A4 စာမျက်နှာ ၁၀ မျက်နှာထက်မပိုစေရ။

(ခ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဟုတ်ကြောင်းနှင့် ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုလွှာနှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

(ဂ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိလာသော သတ်မှတ်ချက်များနှင့် မပြည့်စုံသော ဆောင်းပါးများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ပြိုင်ပွဲဝင်စာမူများနှင့် ဆုရစာမူများကို သင့်လျော်သလို တရားဝင်အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော ဆောင်းပါးများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်မည်ဖြစ်ပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard/ Soft Copy) တစ်စုံစီ၊ ပြိုင်ပွဲဝင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံနှစ်ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းအမှတ်တို့နှင့်အတူ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၄၀၄၉၊ ၀၆၇-၃၄၀၄၀၇၁ အီးမေးလ်လိပ်စာ cr.research23@gmail.com သို့ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အဖြစ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲသို့ စာပေဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

# ခေါင်လန်ဖူးမြို့နယ်၌ မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်

**ခေါင်လန်ဖူး စက်တင်ဘာ ၅**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသော မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲနှင့် မဲပေးစက်လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၂ ရက်က ခေါင်လန်ဖူးမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခေါင်ဆင်က ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းတန်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ပညာရေးမှူး ဦးညိုလင်းက မဲရုံတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား သိသင့်သိထိုက်သည်များ ရှင်းလင်းပြောကြားကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး မြို့နယ်ရွေးကောက်ပွဲ အရာရှိ ဦးနန်ဇေ့ဖုန်ဂါရမ်က မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ မဲပေးစက်နှင့် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရဝမ်၊ လီဆူယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားသင်တန်းသူများက မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၁ မှ*

### မဲဆန္ဒနယ် ကိုယ်စားပြုခြင်း

လာမည့်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာလွှတ်တော်အလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်များနှင့် PR မဲဆန္ဒနယ်များ ပါဝင်လာမည်ဖြစ်သည်။ MMP စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များကို သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း တွက်ချက်ရမည်ဖြစ်သည်။ FPTP စနစ်အရ မဲဆန္ဒနယ်တစ်နယ်ချင်းစီ ကိုယ်စားပြုသည်။ Party List PR စနစ်အရ မဲဆန္ဒနယ်တစ်နယ်လုံးကို စုပေါင်းကိုယ်စားပြုရသည်။ MMP စနစ်အရ မဲဆန္ဒနယ်ကိုယ်စားပြု FPTP ကိုယ်စားလှယ်နှင့် ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များ တပေါင်းတစည်းတည်း ရရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုရွေးကောက်ပွဲစနစ် MMP ၏ အနှစ်သာရဖြစ်သော ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့် မျှတခြင်းတို့ ပိုမိုရုပ်လုံးပေါ်လွင်လာမည်ဖြစ်ပါသည်။ စနစ် နှစ်မျိုးအရ ရွေးကောက်ခံရသည့် FPTP ကိုယ်စားလှယ်များနှင့် ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင် မည်သို့စွမ်းဆောင်နိုင်သည်။ မိမိနှင့်သက်ဆိုင်သည့် မဲဆန္ဒနယ်အကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး မည်သို့ဖော်ဆောင်နိုင်ကြမည်ကို မဲဆန္ဒရှင်ပြည်သူတို့က ဆက်လက်စောင့်မျှော်သွားမည်ဖြစ်ပါသည်။

### ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း

ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှု ကျူးလွန်ခဲ့လျှင် မည်သည့်ကိုယ်စားလှယ်လောင်းမဆို ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခံရနိုင်ပါသည်။ တရားမဲ့ပြုကျင့်ကြောင်း ပေါ်လွင်ထင်ရှားပါက ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်ပါမည်။ FPTP မဲဆန္ဒနယ်မှ ရွေးကောက်ခံရသည့် ပါတီ ကိုယ်စားပြုကိုယ်စားလှယ် ကန့်ကွက်ခံရခြင်းကြောင့် ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်ပါက ၎င်းရရှိခဲ့သည့်မဲများသည် တရားမဲ့ပြုကျင့်ခဲ့သော မဲများအဖြစ် သတ်မှတ်ခံရပြီး ဆက်စပ်သော PR မဲဆန္ဒနယ်အတွက် မဲရလဒ်ကိုပါ သက်ရောက်သွားမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီကဖြစ်စေ၊ ပါတီဝင်များက ဖြစ်စေ၊ ပါတီလိုလားသူများကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ တရားမဲ့ပြုကျင့်မှုများ၊ ဥပဒေချိုးဖောက်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ မကျူးလွန်မိစေရန် အထူးသတိထား ရှောင်ရှားကြစေလိုပါသည်။

### ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်း

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် FPTP မဲဆန္ဒနယ်များတွင် အကြောင်းတစ်စုံတစ်ရာကြောင့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲဖြင့် အစားထိုးရွေးကောက်တင်မြှောက်ရပါမည်။ သို့သော် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ (ခ) အရ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်နှင့် ပဉ္စမနှစ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်းမပြုရပါ။

### PR လစ်လပ်ကိုယ်စားလှယ်နေရာ အစားထိုးဖြည့်စွက်ခြင်း

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် PR မဲဆန္ဒနယ်များအတွက် အကြောင်းတစ်စုံတစ်ရာကြောင့် ပါတီကိုယ်စားပြုရွေးကောက်ခံကိုယ်စားလှယ် လစ်လပ်ပါက Closed List PR စနစ်အရ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂ အရ နိုင်ငံရေးပါတီက ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် အမည်စာရင်းပါအတိုင်း ပုဒ်မ ၈၉ (က) နှင့် နည်းဥပဒေ ၁၃၂ တို့အရ အစဉ်လိုက် အစားထိုးဖြည့်စွက်ခြင်းနည်းလမ်းဖြင့် ရွေးကောက်ခံကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြေညာမည်ဖြစ်ပါသည်။

### MMP စနစ်၏ အားသာချက်များ

FPTP မဲဆန္ဒနယ်များအတွက် မဲဆန္ဒရှင်များက ကိုယ်စားလှယ်ကို တိုက်ရိုက်မဲပေးပြီး ရွေးကောက်တင်မြှောက်နိုင်သည်။ ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့ပြီးဖြစ်သဖြင့် အခက်အခဲမရှိပါ။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ပေါင်းစပ်ပြီး MMP စနစ်ဖြင့် ဆောင်ရွက်သဖြင့် FPTP ကိုယ်စားလှယ်သာမက ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များလည်း တစ်ဆက်တည်း ရရှိလာမည်ဖြစ်သည်။ FPTP ဖြင့် ကိုယ်စားလှယ် မရခဲ့လျှင်လည်း PR ဖြင့် အချိုးကျကိုယ်စားလှယ် ရရှိနိုင်ပါသည်။ FPTP စနစ်၏ အားသာချက်များနှင့် PR စနစ်၏ ကောင်းကျိုးများရရှိနိုင်သည့် MMP စနစ်ဖြစ်ပါသည်။ MMP စနစ် ပြောင်းလဲကျင့်သုံးလိုက်ခြင်းဖြင့် FPTP ကြောင့် ဆန္ဒမဲရလဒ်အချိုး မညီမျှမှုကို PR ဖြင့် အစားထိုးဖြည့်ဆည်းနိုင်ပါသည်။ မဲဆန္ဒရှင်များက မိမိနှစ်သက်ရာပါတီနှင့် ကိုယ်စားလှယ်ကို စိတ်ကြိုက်ရွေးချယ်နိုင်သည့် အခွင့်အလမ်း ရရှိနိုင်ပါသည်။ တိုင်းရင်းသားပါတီများနှင့် လူထုအလွှာအသီးသီးကို ကိုယ်စားပြုသောပါတီငယ်များအတွက် ကိုယ်စားလှယ်နေရာများ ပိုမိုရရှိပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်မှုမြင့်တက်လာပါမည်။ ပါတီကြီးတစ်ခုတည်းက လွှမ်းမိုးသည့် နိုင်ငံရေးယဉ်ကျေးမှုပုံစံမှ ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော Multiparty ပါတီစုံပုံစံ ပိုမိုပေါ်လွင်လာမည်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုများအတွက် ဒေသအလိုက် ကိုယ်စားပြုမှုများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

### နိဂုံး

လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီကျင်းပသော ရွေးကောက်ပွဲ၊ လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲ၊ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲအဖြစ် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များဖြစ်သော ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအသီးသီးတို့က မှတ်ကျောက်တင်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲလိုက်သည့် ရွေးကောက်ပွဲစနစ်သစ်အတွက် နိုင်ငံရေးပါတီများနှင့် ပြည်သူများအတွင်း သိရှိနားလည်ရန် ခက်ခဲနေကြောင်း ကြားသိရပါသည်။ ရွေးကောက်ပွဲ စနစ်သစ်ဟုဆိုသော်လည်း ယခင်က မဲပေးခဲ့သည့် FPTP ပုံစံအတိုင်း မဲပေးရခြင်းသာဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် မဲရလဒ်များပေါင်းစည်းတွက်ချက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများက နည်းလမ်းမှန်ကန်စွာ ဆောင်ရွက်မည်ဖြစ်ပါသည်။ ရိုးရှင်းပါသည်။ လွယ်ကူပါသည်။ ပွင့်လင်းမြင်သာမှုရှိပါသည်။ အခက်အခဲမရှိပါ။ ရှုပ်ထွေးမှုမရှိပါ။ ကိုယ်စားလှယ်လောင်းများနှင့် ပါတီကရသည့် ခိုင်လုံမဲအချိုးအတိုင်း ကိုယ်စားလှယ်များ ရရှိပါမည်။ စနစ်သစ်အတွက် စိုးရိမ်မှုမရှိကြစေလိုပါကြောင်း ဖော်ပြလိုပါသည်။ ပြည်သူအားလုံးပါဝင်သော ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် ရည်မှန်းချက်ဖြင့် အထောက်အကူဖြစ်စေရန်အလို့ငှာ လေ့လာမိသမျှ ရေးသားတင်ပြလိုက်ရပါသည်။ ။

# လျှပ်စစ်၊ စွမ်းအင်ကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လျှပ်စစ်၊ စွမ်းအင်ကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရဲရွာခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် လျှပ်စစ်ကဏ္ဍတွင် ငွေကျပ်သန်းပေါင်း ၃၆၀၀ ကျော်၊ ၂၀၂၄ ခုနှစ် တိုင်ဖွန်းမုန်တိုင်းရာဂီနှင့် ဆက်စပ်ရေကြီးရေလျှံမှုများကြောင့် လျှပ်စစ်ကဏ္ဍတွင် ငွေကျပ်သန်းပေါင်း ၂၀၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်း၊ ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံပြုပြင်ခြင်းနှင့် Rotor Pole များ ပြုပြင်ခြင်းအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၄၀၀၀၀ ကျော် ကျခံဆောင်ရွက်ပေးခဲ့ကြောင်း၊ လတ်တလောကြုံတွေ့ခဲ့ရသည့် မန္တလေး ငလျင်ကြီးကြောင့် လျှပ်စစ်ကဏ္ဍတွင် ငွေကျပ်သန်းပေါင်း ၁၅၃၀၀၀ ကျော် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး စွမ်းအင်ကဏ္ဍတွင် ငွေကျပ်သန်းပေါင်း ၃၄၀ ကျော် ဆုံးရှုံးခဲ့ကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ဘေးဒဏ်ခံနိုင်ရည်ရှိသော အခြေခံအဆောက်အအုံများ တည်ဆောက်ရန် လိုအပ်သကဲ့သို့ စွမ်းအင်ထုတ်လုပ်သိုလှောင်မှု နည်းစနစ်များ၊ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်၊ ဖြန့်ဖြူးမှုများတွင်လည်း ခေတ်မီနည်းပညာများနှင့် ဆောင်ရွက်ထားနိုင်မှသာ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီးက စကားဝိုင်းဆွေးနွေးပွဲတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ရန် စီမံထားရှိမှုများ၊ ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာပညာရှင်များက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်းနှင့် အပြန်အလှန် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ Product Show and Job Fair (2025) အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့ ကြီးမှူးကျင်းပသည့် Product Show and Job Fair (2025) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မီမီခင်နှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊



လူငယ်ရေးရာကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာ လုပ်ငန်းရှင်များ၊ တက္ကသိုလ်များမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားတွင် ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်ကွန်ပျူတာတက္ကသိုလ် Product Show သို့ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ ပါမောက္ခချုပ်က လက်ခံရယူသည်။

ထို့နောက် ဆုရ Project အဖွဲ့များနှင့် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ဆုရ Project အား Presentation ဖြင့် ပြသကာ ကျောင်းသား ကျောင်းသူများ၏ Project များအား လှည့်လည်ကြည့်ရှု အားပေးသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ကစင်ကျေးရွာအုပ်စု ရွှေလင်ဗန်းစက်မှုဇုန်ရှိ ယုဇနကုမ္ပဏီလီမိတက်၏ တစ်ရက်လျှင် ပဲပုပ်စေ့ တန် ၁၅၀ ကို ကြိတ်ဝါးနိုင်ပြီး ပဲပုပ်ဆီ တန် ၂၀၊ ပဲပုပ်ဖတ် ၁၂၅ တန်နှင့် ဆပ်ပြာကုန်ကြမ်းဆီ ၃ ဒသမ ၅ တန် ထွက်ရှိနိုင်မည့် ပဲပုပ်ဆီစက်ရုံသို့ရောက်ရှိကာ လည်ပတ်မည့် စက်ရုံအတွင်းရှိ ပဲပုပ်များကို သန့်စင်ခြင်း၊ ကြိတ်ခွဲခြင်းနှင့် ပေါင်းခြင်းများ ဆောင်ရွက်မည့် စက်ကိုလည်းကောင်း၊ ပဲပုပ်ဆီထုတ်လုပ်မည့် စက်ကိုလည်းကောင်း၊ ဆီများကို ပြန်လည်သန့်စင်မည့် စက်ကိုလည်းကောင်း၊ ကုန်ကြမ်းများထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် စတင်တည်ထောင်သည့် (၁၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် စတင်တည်ထောင်ခြင်း (၁၄) နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ယနေ့တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကော်မရှင်ဖွဲ့စည်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအပါအဝင် ကော်မရှင်၏ တာဝန်များကို ကြိုးပမ်းထမ်းဆောင်ခဲ့ကြောင်း၊ ကော်မရှင်သက်တမ်း ၁၄ နှစ်တာကာလအတွင်း အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူ အားလုံးကို မှတ်တမ်းတင် ဂုဏ်ယူကြောင်း၊ ကော်မရှင်၏ ရည်ရွယ်ချက်သည် လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်း တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးဖြစ်ကြောင်း၊ ကော်မရှင်၏ ရည်ရွယ်ချက် အောင်မြင်စေရန် တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရဘဲ အဖွဲ့အစည်းဖြင့် စုပေါင်းလုပ်ကိုင်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ကော်မရှင်သည် ချမှတ်ထားသည့်



ရှေ့လုပ်ငန်းစဉ် မူဘောင်နှင့် နှစ်စဉ် လုပ်ငန်းစီမံချက်တို့ဖြင့် လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အငြိမ်းစား ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

❑ *ကျောဖုံးမှ*

TOYOTA KLUGER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ၄၂၀ ကီလို (ၶင်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၃၆ ဘီလီယံ)ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းဆီးရမိသည့် အိုက်စ် (မက်သ်အဖက်တမင်း)များကို မက်မန်းမြို့နယ် တာကော်လေးကျေးရွာအနီးမှ မိုင်းပျဉ်းမြို့နယ် နားယုန့်ကျေးရွာအနီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**

# အာဖဂန်နစ္စတန်နိုင်ငံ၌ လူပေါင်း ၂၂၀၀ ကျော် သေဆုံးသည့် ငလျင်လှုပ်ခတ်ပြီးနောက် ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင် ထပ်မံလှုပ်ခတ်



ကဘူးလ် စက်တင်ဘာ ၅

**နန်ဂါဟာပြည်နယ်၏ မြို့တော် ဂျာလာလာဘတ်၏ အရှေ့ဘက် ၁၄ ကီလိုမီတာအကွာကို ဗဟိုပြု၍ အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ စက်တင်ဘာ ၄ ရက်က ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း အမေရိကန် ဘူမိဗေဒစစ်တမ်းများအရ သိရသည်။**

ငလျင်ဗဟိုချက်မှာ မြောက်လတ္တီကျူ ၃၄ ဒသမ ၇၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၇၀ ဒသမ ၇၉ ဒီဂရီတွင်တည်ရှိပြီး ငလျင်အနက်မှာ ၁၀ ကီလိုမီတာရှိကြောင်း သိရသည်။

မကြာသေးမီရက်များအတွင်း နန်ဂါဟာနှင့် အိမ်နီးချင်း ကူနာ၊ လက်ဂျ်မန်းနှင့် နူရီစတန်ပြည်နယ်တို့တွင် ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် နောက်ဆက်တွဲ လှုပ်ခတ်သည့် ငလျင်ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၃၁ ရက် နှောင်းပိုင်းက လှုပ်ခတ်ခဲ့သည့် ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ဆိုးရွားပြင်းထန်သည့် ငလျင်သည် ကြီးမားသည့် ပျက်စီးမှုများနှင့် အသက်နှင့် ပစ္စည်းဥစ္စာ သိသိသာသာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

တရားဝင်ထုတ်ပြန်ချက်များအရ အဆိုပါငလျင်ကြောင့် လူပေါင်း ၂၂၀၀ ကျော် သေဆုံးပြီး ၃၆၀၀ ကျော်ဒဏ်ရာရရှိသည်ဟု အတည်ပြုထားသည်။ အပျက်အစီးများအောက်မှ သေဆုံးသူများကို ပြန်လည်ရှာဖွေရန် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



ဆိုင်ဂုံရုပ်ကွက်ရှိ ငုယင်ဘင်ခီမ်မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

## ဗီယက်နမ်၌ ကျောင်းသား ကျောင်းသူ ၂၆ သန်းဖြင့် ပညာသင်နှစ်သစ် စတင်

**ဟနွိုင်း စက်တင်ဘာ ၅**

ဗီယက်နမ်နိုင်ငံတစ်ဝန်း ပညာသင်နှစ်သစ် ဖွင့်ပွဲအခမ်းအနားသို့ သူငယ်တန်းမှ တက္ကသိုလ်အထိ ကျောင်းသား ကျောင်းသူ ၂၆ သန်းခန့်နှင့် ဆရာဆရာမ ၁ ဒသမ ၆ သန်း တက်ရောက်ခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက စက်တင်ဘာ ၅ ရက်တွင် ထုတ်ပြန်ထားသည်။

ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးဌာနက ပထမဆုံးအကြိမ်အဖြစ် စီစဉ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆိုပါဖွင့်ပွဲအခမ်းအနားကို အွန်လိုင်းအပါအဝင် ပညာရေးအဖွဲ့အစည်းပေါင်း ၅၂၀၀၀ ခန့် ပါဝင်ကြောင်း သိရသည်။

ဗီယက်နမ်ဗဟိုကော်မတီ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်က ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုအတွက် အဓိကသော့ချက်များကို ဖော်ပြပြီး ပညာသင်နှစ်သစ်ကို ဖွင့်လှစ်ခဲ့သည်ဟု ပြည်တွင်းမီဒီယာ VnExpress က ဖော်ပြထားသည်။ **ဆင်ဟွာ**

## ကွန်ဂိုနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ဖြစ်ပွားနေကြောင်း ကြေညာ

**ကင်ရှာဆာ စက်တင်ဘာ ၅**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ ကျန်းမာရေးအာဏာပိုင်များသည် နိုင်ငံအတွင်း အီဘိုလာရောဂါဖြစ်ပွားနေကြောင်း ကြေညာခဲ့သည်။

နိုင်ငံအတွင်း အီဘိုလာရောဂါဟု သံသယရှိသူ ၂၈ ဦး ရှိပြီး သေဆုံးသူ ၁၅ ဦးရှိသည်ဟု ကျန်းမာရေး အာဏာပိုင်များက ပြောသည်။

အလယ်ပိုင်းကာဆီပြည်နယ်တွင် ရောဂါဖြစ်ပွားမှုများရှိကြောင်း ကျန်းမာရေး အာဏာပိုင်များက စက်တင်ဘာ ၄ ရက်တွင် သတင်းထောက်များကို ပြောသည်။

ဩဂုတ်လအတွင်းက အဖျားကြီး သွေးအန်လက္ခဏာများအပါအဝင်အခြားသောရောဂါလက္ခဏာများနှင့် အမျိုးသမီးတစ်ဦး ဆေးရုံတင်ထားရကြောင်း အာဏာပိုင်များက ပြောသည်။ ၎င်းသည် ဆေးရုံတင်ထားရပြီး နာရီအနည်းငယ်အကြာတွင် သေဆုံးသွားခဲ့သည်။

နောက်ပိုင်း၌ အဆိုပါ အမျိုးသမီးကို ကုသမှုပေးခဲ့သည့် ကျန်းမာရေးဝန်ထမ်းများတွင် အလားတူ ရောဂါလက္ခဏာများ ဖြစ်ပေါ်လာကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ ဗိုင်းရပ်စ်ကူးစက်မှုကို ရပ်တန့်ရန်အတွက် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက အမြန်တုံ့ပြန်ရေးအဖွဲ့ကို အဆိုပါပြည်နယ်သို့ စေလွှတ်ခဲ့သည်။

ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှုများနှင့် စမ်းသပ်ရေးကိရိယာများကိုလည်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ပေးပို့လျက်ရှိသည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အီဘိုလာရောဂါဖြစ်ပွားမှုများရှိခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဆိုပါအီဘိုလာရောဂါဖြစ်ပွားမှုသည် နိုင်ငံတကာ၏ စိုးရိမ်စရာ အခြေအနေဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**




## အိန္ဒိယနိုင်ငံရှိ ယမုံနာမြစ် စိုးရိမ်ရေမှတ်ကို ကျော်လွန်

**ဒေလီ စက်တင်ဘာ ၅**

ယမုံနာမြစ်သည် စိုးရိမ်ရေမှတ်ကို ကျော်လွန်နေသောကြောင့် အိန္ဒိယနိုင်ငံ ဒေလီမြို့နေရာအနှံ့အပြား၌ စက်တင်ဘာ ၅ ရက်အထိ ရေလွှမ်းမိုးမှု ဆက်လက်ဖြစ်ပွားလျက်ရှိသည်။



မြစ်ရေသည် လွန်ခဲ့သောနာရီအနည်းငယ်အတွင်း မြင့်တက်လာခြင်းဖြစ်သည်ဟု နောက်ဆုံးသတင်းဖော်ပြချက်များအရ သိရသည်။ မြစ်ကြောင်းတစ်လျှောက်တွင်ရှိသည့် ဒေလီမြို့မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ရေကြီးမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ရေကြီးမှုကြောင့် လူပေါင်း ၁၀၀၀၀ ကျော် ရေဘေးဒုက္ခ ခံစားခဲ့ရပြီး ၎င်းတို့ကို ဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ရေကြီးမှုဖြစ်ပွားလျက်ရှိသော နေရာများတွင် ရေများသည် ဈေးဆိုင်များ၊ စာသင်ကျောင်းများနှင့် တခြားရုံးအဆောက်အအုံများထဲသို့ ဝင်ရောက်ခဲ့သောကြောင့် အဆိုပါနေရာများကို ပိတ်ခဲ့ရသည်။

ယမုံနာမြစ်သည် လွန်ခဲ့သော ရက်အနည်းငယ်က မြစ်ရေလျှံမှုဖြစ်ပွားခဲ့ပြီး အနိမ့်ပိုင်းဒေသများ ရေလွှမ်းမိုးနစ်မြုပ်ခဲ့သည်။ ဒေလီနှင့် အနီးဝန်းကျင်ဒေသများတွင် လွန်ခဲ့သော ရက်အနည်းငယ်က မိုးများ အဆက်မပြတ်ရွာသွန်းခဲ့သည်။

မိုးလေဝသဌာနက နောက်ထပ် ရက်အနည်းငယ်အတွင်း ဒေလီနှင့် အနီးဝန်းကျင်ဒေသများတွင် မိုးပိုနိုင်ကြောင်း သတိပေးထားသည်။

**ဆင်ဟွာ**

## ၂၀၂၄ ခုနှစ်မှစတင်၍ အာဖရိက၌ မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူ ၂၀၀၀ နီးပါးရှိ

**အဒစ္စအာဘာဘာ စက်တင်ဘာ ၅**


၂၀၂၄ ခုနှစ်မှစတင်၍ အာဖရိက၌ဖြစ်ပွားခဲ့သည့် မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူဦးရေမှာ ၂၀၀၀ နီးပါးရှိလာပြီဖြစ်ပြီး မကြာသေးမီအချိန်အတွင်း ကူးစက်ခံရသူဦးရေမှာ လျော့ကျလာသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (အာဖရိကစီဒီစီ) က ပြောသည်။

ယခုနှစ်အစောပိုင်းမှစတင်၍ မျောက်ကျောက်ရောဂါဖြစ်ပွားနေသည့် အာဖရိကနိုင်ငံပေါင်း ၂၉ နိုင်ငံတွင် ရောဂါဖြစ်ပွားသူ ၁၈၅၉၉၄ ဦးရှိသည်ဟု စက်တင်ဘာ ၄ ရက်တွင် အာဖရိကစီဒီစီမှ မျောက်ကျောက်ရောဂါဆိုင်ရာ ဒုတိယမန်နေဂျာ Yap Boum II က အွန်လိုင်းမီဒီယာ ရှင်းလင်းပွဲတွင် ပြောသည်။

မျောက်ကျောက်ရောဂါ တိုက်ဖျက်ရေးအတွက် တုံ့ပြန်မှုများ တိုးတက်လာသည့်အတွက် လွန်ခဲ့သည့် သီတင်းပတ်များအတွင်း ရောဂါကူးစက်မှု ကျဆင်းလာကြောင်း သိရသည်။ အာဖရိကစီဒီစီသည် ပြီးခဲ့သည့် သီတင်းပတ်ခြောက်ပတ်အတွင်း သံသယရှိသူ ၃၀ ရာခိုင်နှုန်းမှ ၆၆ ရာခိုင်နှုန်းအထိ စမ်းသပ်မှုပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မျောက်ကျောက်ရောဂါကို ၁၉၅၈ ခုနှစ်တွင် ဓာတ်ခွဲခန်းအတွင်းရှိ မျောက်များတွင် ပထမဆုံး တွေ့ရှိခဲ့သည်။ ခန္ဓာကိုယ်မှအရည်များ၊ အသက်ရှူလမ်းကြောင်း အမှုန်အမွှားများနှင့် ညစ်ညမ်းသောပစ္စည်းများမှတစ်ဆင့် ရောဂါကူးစက်မှုဖြစ်ပွားသည်။ အာဖရိကစီဒီစီသည် လွန်ခဲ့သည့်နှစ် ဩဂုတ်လအတွင်းက မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ ထို့နောက် မကြာမီအချိန်တွင်းမှာပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဆိုပါရောဂါကို နိုင်ငံတကာကစိုးရိမ်ရသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့သည်။

**ဆင်ဟွာ**







# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်အခမ်းအနားသို့တက်ရောက်ခဲ့သည့် ကရင်ပြည်နယ် လူငယ်ကိုယ်စားလှယ်အဖွဲ့ အတွေ့အကြုံရှင်းလင်း

**ဘားအံ စက်တင်ဘာ ၅**

ရန်ကုန်မြို့တွင်ကျင်းပခဲ့သည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်သို့ တက်ရောက်ခဲ့ကြသည့် ကရင်ပြည်နယ် လူငယ်ကိုယ်စားလှယ်အဖွဲ့၏ အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လူငယ်ကော်မတီ(၁၆)ရပ်မှ အတွင်းရေးမှူးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများ၊ အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်အလံကိုအလေးပြု၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ၂၀၂၅ အထိမ်းအမှတ်တံဆိပ်ကို ပြည်နယ်လူမှုရေးရာဝန်ကြီးကအပ်နှံကာ လူငယ်မဟာဗျူဟာဖိုရမ်သို့တက်ရောက်ခဲ့သော လူငယ်ကိုယ်စားလှယ်အဖွဲ့မှ လေးဦးက လူငယ်ဖိုရမ်သို့တက်ရောက်နိုင်ရေးအတွက် စုဖွဲ့ပြင်ဆင်ခြင်း၊ အချက်အလက်များရှာဖွေညှိနှိုင်းခြင်း၊ ဖျော်ဖြေရေးအတွက် အကတိုက်ခြင်း၊ စုရပ်မှထွက်ခွာရောက်ရှိခြင်း၊ ဖွင့်ပွဲတက်ရောက်ခြင်း၊ နေ့အလိုက်ဆွေးနွေးခြင်း၊ လေ့လာရေးခရီးထွက်ခြင်း၊ ဂုဏ်ပြုညစာစားပွဲတက်ရောက်ခြင်း၊ ပြန်လည်ထွက်ခွာခြင်းနှင့် လူငယ်ဖိုရမ်မှရရှိခဲ့သည့် အကျိုးကျေးဇူးများကို အပိုင်း လေးပိုင်းခွဲ၍ အတွေ့အကြုံရှင်းလင်းတင်ပြကာ အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ်ကြေညာစာတမ်းကို ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကရင်ပြည်နယ်လူငယ်ကိုယ်စားလှယ်အဖွဲ့နှင့် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။(ဝဲပုံ)

ထို့ပြင် ၂၀၂၅ ခုနှစ် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဘားအံမြို့ အမှတ်(၅) ရပ်ကွက်ရှိ ပြည်နယ်လူငယ်စင်တာ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘိလိယက်နှင့် စနူကာပြိုင်ပွဲ 9 ball ဗိုလ်လုပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြပြီး အဆိုပါပွဲစဉ်တွင် ကိုယမင်းအောင်က ၄ ပွဲ ၃ ပွဲဖြင့် အနိုင်ရဗိုလ်စွဲသည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က 9 ball ပြိုင်ပွဲတွင်ပူးတွဲ တတိယ၊ ဒုတိယ၊ ပထမဆုရရှိကြသူများကို ငွေသားဆုနှင့် ဆုဖလားများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက 15 Red Snooker ပြိုင်ပွဲ ပူးတွဲတတိယဆုရရှိကြသူများနှင့် ဒုတိယဆုရရှိကြသူများကို ငွေသားဆုနှင့် ဆုဖလားများပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသော ကိုကိုချစ်အား ငွေသားဆု ကျပ်ငါးသိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်မြို့၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေး

**ပြည် စက်တင်ဘာ ၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်သည် ယမန်နေ့ ညနေပိုင်းက ပြည်မြို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။

ဦးစွာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူများအားလုံး ဥပဒေနှင့်အညီ မဲပေးခွင့်ရရှိရေး၊ မဲပေးစက်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးနည်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာပေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး လိုအပ်သည်များ မှာကြားသည်။(ယာပုံ)

ထို့နောက် ပြည်ခရိုင် ရွေးကောက်ပွဲအရာရှိက ခရိုင်အတွင်း ရွေးကောက်ပွဲဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို တင်ပြပြီး ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ဖြည့်စွက်ဆွေးနွေးပြီး ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်များ မှာကြားသည်။



ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ပြည်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားသို့တက်ရောက်ပြီး ပြည်တက္ကသိုလ် ကျောင်းသား ကျောင်းသူများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိက မဲပေးစက်ဆိုင်ရာ အသိပညာပေးဆွေးနွေးနေမှုနှင့် ပြည်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၀၀ ခန့်၏ မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများကိုတက်ရောက်လာကြသူများအား အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မကွေးမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေး

**မကွေး စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးက နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်ဘဏ္ဍာငွေများ အပြည့်အဝကောက်ခံရရှိရေးအတွက် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ဝဲပုံ)

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက တက်ရောက်လာသည့် ဌာနဆိုင်ရာများအား လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက်ရရှိသူဖြစ်လျှင် လစာခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ပေးသွင်းခြင်းနှင့် တင်ဒါလုပ်ငန်းတွင် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း တွက်ချက်မှုနှင့် ပင်ရင်းမှဖြတ်တောက် ပေးသွင်းငွေ နှစ်ရာခိုင်နှုန်းတွက်ချက်မှုဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေးရှင်းလင်းဆွေးနွေး၍ ဌာနဆိုင်ရာများ သိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့်ပတ်သက်၍ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ မျက်နှာချင်းဆိုင်အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့်ပတ်သက်၍ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့(Asia Pacific Joint Group–APJG) မျက်နှာချင်းဆိုင်အစည်းအဝေးကို စက်တင်ဘာ ၃ ရက်မှ ၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မျက်နှာချင်းဆိုင်အစည်းအဝေး၌ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – APJG) တွဲဖက်သဘာပတိများ၊ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) နှင့် အာရှ-ပစိဖိတ်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering – APG) အတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ၊ APJG မှ အကဲဖြတ်သူများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မျက်နှာချင်းဆိုင်အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိနေသည့်အစီအမံများအပေါ် APJG မှ အကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ မြန်မာနိုင်ငံ၏ အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ချက်များကို အကဲဖြတ်သူများအားလုံးမှ ခြုံငုံချိတ်ဆက်သိရှိစေရန်အတွက် လက်ငင်းရလဒ်တစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုများကို ဦးစွာရှင်းလင်းတင်ပြဆွေးနွေးသည်။ ယင်းနောက် APJG မှ အကဲဖြတ်သူများက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာပါ လက်ငင်းရလဒ်တစ်ခုချင်းအလိုက် ထပ်မံရှင်းလင်းသိရှိလိုသည့်အချက်များ မေးမြန်းခဲ့ခြင်းအပေါ် မြန်မာကိုယ်စားလှယ်များက အသေးစိတ်ရှင်းလင်းဖြေကြားသည်။

ဆွေးနွေးချက်များတွင် မြန်မာနိုင်ငံရှိ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှရရှိသည့် ငွေကြေးစုံစမ်းထောက်လှမ်းရေး သတင်းအချက်အလက်များ အသုံးပြု၍ စုံစမ်းစစ်ဆေးမှု၊ ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့်အညီ ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိသည့် မှုခင်းဖြစ်စဉ်များတွင် ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများကို အပြိုင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်၍ နိုင်ငံဖြတ်ကျော် ငွေကြေးခဝါချမှုများ စုံစမ်းစစ်ဆေးချက်များ၊ ပြစ်မှုကျူးလွန်ရာမှရရှိသော အကျိုးအမြတ်များ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များနှင့် တန်ဖိုးတူညီသည့် အခြားသောပစ္စည်းများကို သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်းနှင့် နိုင်ငံ့ဘဏ္ဍာ သိမ်းဆည်းခြင်းများကို တိုးမြှင့်ဆောင်ရွက်ချက်များ၊ နိုင်ငံ့ဘဏ္ဍာ သိမ်းဆည်းပြီးသည့်အချိန်အထိ ပစ္စည်းတန်ဖိုးကို ထိန်းသိမ်းထားနိုင်ရေးအတွက် စီမံခန့်ခွဲသည့် နည်းလမ်းများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူဘောင်များကို FATF ၏ စံသတ်မှတ်ချက်များနှင့်အညီ ပိုမိုအားကောင်းစေရန် ပြင်ဆင်ထုတ်ပြန်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အသိအမှတ်ပြု၍ အဆင့်သတ်မှတ်ချက်များ တိုးမြှင့်ပေးရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ စာဖတ်ရှိန်မြှင့်မားရေး လူငယ်ရေးရာအသိပညာပေးဟောပြော

**ကျောက်ဆည် စက်တင်ဘာ ၅**

ကျောက်ဆည်ခရိုင် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ၌ စာဖတ်ရှိန်မြှင့်မားရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါ တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) မှ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက လူငယ်နှင့် အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ စာရေးဆရာ ကိုရွှေအောင်သင်းက ပြန်လည်ဖြေကြားခဲ့ကြောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

❍ *ကျောဖုံးမှ*

အသင်းက ရန်ကုန်စီးတီးအသင်းကို ငါးဂိုး-နှစ်ဂိုး၊ ရှမ်းယူနိုက်တက်အသင်းက Young Lionesses အသင်းကို ခုနစ်ဂိုးပြတ်၊ သစ္စာအားမာန်အသင်းက မြဝတီအသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းသည် ၆၁ မိနစ်တွင် စန္ဒာလင်း သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် YREO အသင်းကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း Young Lionesses အသင်းကို ခုနစ်ဂိုးပြတ်သွင်းယူကာ အဆင့်တက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၄ မိနစ်တွင် ယုယနိုင်၊ ၁၆ မိနစ်တွင် ခိုင်သဇင်၊ ၂၁ မိနစ်တွင် နန့်မေသဇင်၊ ၄၇ မိနစ်တွင် ဆောင်းနှင်းဖွေး၊ ၅၅၊ ၉၀+၂ မိနစ်တွင် နန်းဖြူဖြူသွယ်၊ ၆၂ မိနစ်တွင် စန္ဒာအောင်တို့က သွင်းယူသည်။

ဇယားထိပ်ပိုင်းမှ ရန်ကုန်ယူနိုက်တက်အသင်းမှာလည်း ဇယားအောက်ဆုံးမှ အသင်းသစ် ရန်ကုန်စီးတီးအသင်းကို ဂိုးပြတ်အနိုင်ကစားခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ဆွေမာအောင်၊ ၄၅+၃၊ ၈၀ မိနစ်တွင် ဇင်မိုးပြည့်၊ ၅၃ မိနစ်တွင် ယုယနိုင်၊ ၅၉ မိနစ်တွင် နန်းချိုမွှေးတို့ကသွင်းယူပြီး ရန်ကုန်စီးတီးအသင်းအတွက် ချေပဂိုးများကို ၄၈ မိနစ်တွင် ထိပ်တင်ကြွယ်နှင့် ၇၆ မိနစ်တွင် Ja Htoi Bawk တို့က သွင်းယူသည်။

သစ္စာအားမာန်အသင်းမှာမူ ဂိုးပြတ်နိုင်ပွဲဖြင့် ထိပ်ဆုံးရောက်လာပြီး ချန်ပီယံဆု သုံးကြိမ်ရဖူးသည့် မြဝတီအသင်းမှာမူ ယခုရာသီတွင် ရှုံးကန်နေရကာ လေးပွဲကစား လေးပွဲရှုံးနိမ့်ထားသည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ဝေဖူးအိမ်၊ ၃၁ မိနစ်တွင် ဝင်းဝင်း၊ မိနစ် ၄၀ တွင် မြတ်နိုးခင်၊ ၇၈ မိနစ်တွင် ခင်မိုမိုထွန်း၊ ၈၅ မိနစ်တွင် သဉ္ဇာလင်းလင်းတို့က သွင်းယူသည်။

ပွဲစဉ်(၅)အပြီးတွင် သစ္စာအားမာန်အသင်းက ငါးပွဲကစား ၁၃ မှတ်ဖြင့် ထိပ်ဆုံးသို့ရောက်ရှိလာပြီး ရန်ကုန်ယူနိုက်တက်အသင်းက ငါးပွဲကစား ၁၂ မှတ်၊ ဧရာဝတီအသင်းက လေးပွဲကစား ၁၀ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား ခုနစ်မှတ်၊ အား/ကာသိပ္ပံအသင်းက လေးပွဲကစား ခုနစ်မှတ်၊ Young Lionesses အသင်းက ငါးပွဲကစား ခြောက်မှတ်၊ YREO အသင်းက လေးပွဲကစား သုံးမှတ် ရထားကာ မြဝတီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့က လေးပွဲစီကစား အမှတ်မရသေးပေ။ ယခုရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်ကိုးသင်းဖြင့် ကျင်းပလျက်ရှိပြီး ပွဲစဉ် (၄) အပြီး ထိပ်ဆုံးတွင် ရပ်တည်နေသည့် ဧရာဝတီအသင်း ပွဲစဉ်မပါဝင်ဘဲ ကျန်ရှစ်သင်း ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို မေလပထမပတ်ကကျင်းပသည့် ပွဲစဉ် (၄) ပြီးကတည်းက မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် လေးလနီးပါး ရပ်နားခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံ၏ ပထမဆုံးသော အဏ္ဏဝါအမျိုးသားဥယျာဉ်ဖြစ်သည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို ၁၉၉၆ ခုနှစ်တွင် သတ်မှတ်ဖွဲ့စည်းခဲ့ပြီး ၎င်းဒေသ၏ ထူးခြား၍အရေးပါသော ဂေဟစနစ်များ၊ မျိုးစိတ်များ၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများတည်ရှိမှုနှင့် ၎င်းတို့အကြား သဟဇာတဖြစ်စွာ တည်ရှိနေမှုတို့ကြောင့် ၂၀၀၃ ခုနှစ်တွင် အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ အဏ္ဏဝါအမျိုးသားဥယျာဉ်၏ ၇၅ ရာခိုင်နှုန်းခန့်သည် အဏ္ဏဝါနေရင်းဒေသနေရာများဖြစ်ပြီး ကျန်ဧရိယာများသည် အမြဲစိမ်းတော ၂၂ ရာခိုင်နှုန်း၊ ဒီရေတော ၂ ရာခိုင်နှုန်းနှင့် ပင်လယ်သဲခုံတော ၁ ရာခိုင်နှုန်းတို့ ဖြစ်ပါသည်။

အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း နို့တိုက်သတ္တဝါ(၁၉)မျိုး၊ ငှက်မျိုးစိတ်(၂၂၈)မျိုး၊ တွားသွားသတ္တဝါ (၁၉)မျိုး၊ ကုန်းနေ ရေနေသတ္တဝါ (၁၁) မျိုး၊ ငါးမျိုးစိတ် (၄၂)မျိုး၊ ကဏန်းမျိုးစိတ် (၄၂) မျိုး၊ အပင်မျိုးစိတ် (၁၉၅)မျိုး၊ ပင်လယ်မြက်မျိုးစိတ်(၁၁)မျိုး၊ ပင်လယ်ရေမှော် (၇၃)မျိုး၊ အပင်မျှော Phytoplankton မျိုးစိတ်(၁၃၆)မျိုး၊ အကောင်မျှော Zooplankton မျိုးစိတ်(၁၅၀)၊ ဒီရေတောပင်မျိုးစိတ် (၆၃)မျိုးနှင့် သန္တာကျောက်တန်းများ တွေ့ရှိရပါသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဧရိယာအတွင်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါးမျိုးစိတ်များဖြစ်သည့် ရေဝက် (Dugong)၊ ပြင်သာလိပ်၊ မလေးသင်းခွေချပ်နှင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်များဖြစ်သည့် ဖျံအမွေးနု၊ မျောက်ပုတီး၊ မျောက်လေပွေ၊ ချေလှောင်၊ လင်းဆွဲများလည်း ကျက်စားလျက်ရှိပြီး သန့်ရှင်းလှပသော ကမ်းခြေများနှင့် ပင်လယ်ရှူခင်းများ၊ ဒီရေတော မြစ်ဝနှင့် ပင်လယ်လိပ်များ ဥဥချသည့် လိပ်သောင်များနှင့် မူလဒေသခံများဖြစ်သည့် မော်ကင်း (ခေါ်)ဆလုံလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းများသည် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ အလွန်ထူးခြားထင်ရှားသော တန်ဖိုးများဖြစ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အခွင့်အလမ်းများဖြစ်ပါသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို ဧရိယာပြင်ဆင်သတ်မှတ်ခြင်းဖြင့် ကမ်းရိုးတန်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ ဒီရေတောဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ခြင်း၊ ကမ္ဘာ့စျေးကွက်ဝင် အရည်အသွေးမြင့် မြန်မာ့ပုလဲများထွက်ရှိရာ ဒေသတစ်ခုဖြစ်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသတွင် ကျက်စားနေထိုင်သည့် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး မျိုးစိတ်များအား ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်းနှင့် သုတေသနလုပ်ငန်းများအတွက် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အလမ်းများ ထောက်ပံ့ပေးနိုင်မည်ဖြစ်ခြင်း၊ ကျွန်းအနေအထားများကိုအခြေပြု၍ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန**

# (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်အားပေး



**ထားဝယ် စက်တင်ဘာ ၅**

အောက်တိုဘာ(၁)ရက်တွင် ကျရောက်မည့် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးကဦးဆောင်၍ ပြည်သူ့အကျိုးပြု လုပ်ငန်းဖြစ်သည့် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ လေယာဉ်ကွင်းလမ်းနံဘေးဝဲယာ၌ ဆောင်ရွက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးကဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ စည်ပင်သာယာရေးအဖွဲ့၊ တိုင်း/ခရိုင်/မြို့နယ်ဌာနဆိုင်ရာများက လေယာဉ်ကွင်းလမ်းနံဘေးဝဲယာ၌ အမှိုက်သရိုက်များ၊ သစ်ပင်ချုံနွယ်များနှင့် မြက်ပင်များရှင်းလင်းခြင်း၊ ထွက်ရှိလာသောအမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းပြီး စနစ်တကျစွန့်ပစ်ခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများက လှည့်လည်၍ ကြည့်ရှုအားပေးပြီး **(ယာပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်က လေယာဉ်ကွင်းလမ်း၊ နံဘေးဝဲယာ၌ သန့်ရှင်းသပ်ရပ်လှပစေရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး သန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်နေသူများကို အအေးဘူးနှင့် မုန့်ပဲသရေစာများ ဝေငှပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုးယွန်းကြီး ဇွဲဘက်တာ ကြံ့ခိုင်မှု၊ မိုးယွန်းကြီး ရေပိုလွှဲနှင့် မိုးယွန်းကြီးရေထိန်းတံခါးကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၃ ရက်က ပဲခူး-စစ်တောင်းတူးမြောင်းသို့ ရေကူပေးရန် တည်ဆောက်ထားသော ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ မိုးယွန်းကြီး ဇွဲဘက်တာကြံ့ခိုင်မှုအခြေအနေ၊ မိုးယွန်းကြီး ရေပိုလွှဲနှင့် မိုးယွန်းကြီး ရေထိန်းတံခါး ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ဦးစွာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိုးယွန်းကြီးကန် ရေပြည့်သိုလှောင်ထားချိန်တွင် လှိုင်းပုတ်မှုဒဏ်ကြောင့် တာပေါ်မြေသားများ ပွံ့ကျခြင်း၊ တာပြတ်ခြင်းများ ဖြစ်ပေါ်တတ်သဖြင့် အထူးဂရုပြု၍ ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုကြောင်း၊ ရေကာတုတ်တန်းများကို သေချာပြန်လည်စစ်ဆေး၍ ရေကာတုတ်တန်းအဆင်း ဆင်ခြေလျှောများကို ထပ်မံကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားရန် လိုကြောင်း၊ ကန်ပတ်လည်တစ်လျှောက်ရှိ ရေတံခါးများ ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းကြရန်၊ ရေတံခါးပိတ်ခြင်း/ဖွင့်ခြင်းကို စည်းမျဉ်းစည်းကမ်းများအတိုင်း အချိန်ကိုက်ဖြစ်စေရေး ကြိုတင်စီမံ ဆောင်ရွက်ထားရန်နှင့် ရေလှောင်ကန်ထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးဂရုပြု ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး မိုးယွန်းကြီး ရေပိုလွှဲနှင့် မိုးယွန်းကြီးရေထိန်းတံခါး ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝေါမြို့နယ်ရှိ အမှတ်(၅၀) စက်မှုလယ်ယာရှေ့တန်းစခန်းသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက သီးနှံအလိုက် စိုက်ပျိုးချိန်မီ ထွန်ယက်နိုင်ရေး၊ မြို့နယ်အလိုက် စက်ကိရိယာလွှမ်းခြုံမှုရှိသော်လည်း ကျေးရွာအလိုက် လအလိုက် လွှမ်းခြုံမှုအခြေအနေများကို အသေးစိတ်တွက်ချက်ထားကြရန်၊ တောင်သူပိုင် လယ်ယာသုံး စက်ကိရိယာများ စာရင်းကောက်ယူရာတွင်လည်း ကျေးရွာအရောက် ကွင်းဆင်းပြီး စာရင်းမှန်ကန်စွာ ကောက်ယူနိုင်ရေးနှင့် မြို့နယ်အတွင်း လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်သူများ အသင်းဖွဲ့စည်း၍ ရာသီအလိုက် အချိန်ကိုက် ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ရေး အကြံပြုဆွေးနွေးမှာကြားသည်။

ထို့နောက် ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (ပဲခူး)အစည်းဝေးခန်းမ၌ သင်တန်းကျောင်းတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆည်မြောင်းလုပ်ငန်းများကြောင့် အကျိုးပြုရေးယာရှိ လူမှုစီးပွားအခြေအနေများ ခေါင်းစဉ်ဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မျိုး၊ မြေ၊ ရေ၊ နည်းအတိုင်း သီးနှံမျိုးကွဲအလိုက် ထိရောက်စွာ လိုအပ်သော ရေပမာဏအတိုင်း ပြည့်မီစွာ ရေပေးဝေနိုင်၍ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့် သုတေသနလုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

**သတင်းစဉ်**



မိုင်းယောင်းမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ ယမန်နေ့က မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းဝင်းတင် မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်းကို ရှင်းလင်းပြောကြားပြီး ကော်မရှင်ရုံးမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများက မဲပေးနည်းသရုပ်ပြသစဉ်။ စိုင်းအောင်ဇော်လင်း



နတ်မောက်မြို့ရှိ နိုင်ငံ့အငြိမ်းစားဝန်ထမ်းများနှင့် အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး (၁)နှင့် ဝန်ထမ်းများက စက်တင်ဘာ ၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ ဆောင်ရွက်ပေးစဉ်။ လှဝင်း

## ညောင်လေးပင်မြို့နယ်၌ ကာကွယ်ဆေးထိုး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် စက်တင်ဘာ ၅**

ညောင်လေးပင်မြို့နယ်၌ ကာကွယ်ဆေးထိုးလုပ်ငန်းများ လွှမ်းခြုံမှု ပိုမိုကောင်းမွန်စေရန်နှင့် မကူးစက်နှင့်ကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုလျော့ကျစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ပွဲနှတန်ဆာမြို့ မြို့မ (၁)ရပ်ကွက်အတွင်းသို့ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာ၏ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ပွဲနှတန်ဆာမြို့ မြို့မ (၁)ရပ်ကွက်ရှိ ကာကွယ်ဆေးထိုးရန် ကျန်ရှိသော အသက် (၅)နှစ်အောက်ကလေးငယ်များအားရှာဖွေ၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စွမ်းထက် (ညောင်လေးပင်)**

## မောက်မယ်မြို့နယ်၌ ခြောက်တန်းသွား လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသရုပ်ပြ

**မောက်မယ် စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ပူးပေါင်း၍ တောင်သူများအား ခြောက်တန်းသွား လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုး သရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက မြို့မအုပ်စု ကွင်းအမှတ် (၂၁) ဦးပိုင်အမှတ်(၃)ရှိ တောင်သူဦးလုံးစောန၏ လယ်မြေ (၄) ဧက အတွင်း၌ ပြုလုပ်သည်။ သရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစွမ်းရည်ထူးက ခြောက်တန်းသွားလက်ဆွဲမျိုးစေ့ချကိရိယာ ကိုင်တွယ်အသုံးပြုနည်းများ၊ မိုးစပါးစိုက်ပျိုးရာတွင် သတိပြုလိုက်နာရမည့်အချက်များကို တောင်သူများအား ရှင်းလင်းဆွေးနွေးပြီး စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့ကြသည်။ **စိုင်းမျိုးသန့်(မောက်မယ်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Shwe Yer Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၁) ရပ်ကွက်နေ သန်းဆွေအား နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျိုက်လတ်မြို့နယ်၌ မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ကျိုက်လတ် စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် တဘိုးကုန်းကျေးရွာ ဓမ္မာရုံ၌ ယမန်နေ့ နံနက်ပိုင်းက မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာ မဲပေးနိုင်ရေး မဲပေးစက်ဆိုင်ရာ အသိပညာပေးသရုပ်ပြသည်။

ဦးစွာ ကျိုက်လတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သူရက မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုတတ်စေရန် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုနည်း၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး တဘိုးကုန်း၊ ကညင်ကုန်း၊ ကျုံသိဝနှင့် ပရိုက်ကြီးခင်းကျေးရွာအုပ်စုများမှ တက်ရောက်လာသည့် မဲဆန္ဒရှင်ပြည်သူ ၁၀၀၀ခန့်က လက်တွေ့ မဲပေးလေ့လာခဲ့ကြသည်။ **ကျိုက်လတ်(ပြန်/ဆက်)**



## လမ်းမတော်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**လမ်းမတော် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းကို စက်တင်ဘာ ၃ ရက်က အမှတ်(၂)ရပ်ကွက် နေအိမ်များ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီအေး ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မိုးရာသီကာလအတွင်း ခြင်၊ ပိုးလောက်လန်းများ ပေါက်ပွားမှုမရှိစေရန် အမှတ် (၂)ရပ်ကွက်အတွင်းရှိ နေအိမ်များ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အဘိတ်ဆေးများခတ်ခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ပိုစတာကပ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## လယ်ဝေးမြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများ၏ မိုးစပါးစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

**လယ်ဝေး စက်တင်ဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀နာရီက လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာရှိ ထွန်းပေါက်စိုက်ပျိုးရေး ထုတ်လုပ်ရေး သမဝါယမအသင်းသား ဦးအောင်စိုး၏ မိုးစပါး ၅ ဧကတွင် ထိုင်းနံ့ကောက်စပါးမျိုး စိုက်ပျိုးဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကွင်းဆင်းကြည့်ရှုစဉ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ယခုနှစ် မိုးစပါးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိုးစပါးစိုက်ပျိုးဧကအားလုံး ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်း ပြည့်မီစေရန် ဦးစီးဌာနများ စဉ်ဆက်မပြတ်ကြီးကြပ်ဆောင်ရွက်ရမည် ဖြစ်ပြီး အသင်းသားတောင်သူများက မိမိတို့၏လယ်ယာမြေများ ယခင်နှစ်များထက် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန် ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း၊ အဖျက်ပိုးမွှားများအန္တရာယ်မှ ကာကွယ်နိုင်စေရေးအတွက်လည်း ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးနှင့် မြေဩဇာ စသည့် သွင်းအားစုများကို နည်းစနစ်မှန်ကန်စွာဖြင့် စံချိန်စံညွှန်းများအတိုင်း အသုံးပြုစေလိုကြောင်းနှင့် မြို့နယ်ဦးစီးဌာနကလည်း စဉ်ဆက်မပြတ်ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ အနီးကပ်ကြီးကြပ် ပေါင်းစပ်ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ သဘာဝမြေဩဇာနှင့် EM ဖျော်ရည် ပြုလုပ်နည်းသင်တန်းဖွင့်

**မင်းလှ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃ ရက်က တောင်ဦးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝန်း၌ ကျင်းပသည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူများအား သဘာဝမြေဩဇာပြုလုပ်နည်းနှင့် EM ဖျော်ရည်ပြုလုပ်နည်းများကို စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးခဲ့သည်။ အဆိုပါသဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်း သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ ကျေးရွာမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**

## ချမ်းမြသာစည်မြို့နယ်၌ မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ချမ်းမြသာစည် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဿျောင်ရပ်ကွက်၌ မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၃ ရက်က သာသနာ့ဒိပ်ပုလ္လဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒုတိယဦးစီးမှူး ဒေါ်သိမ့်သိမ့်ဆွေက မြန်မာအီလက်



ထရောနစ် မဲပေးစက်အသုံးပြု၍ မဲပေးပုံမဲပေးနည်းများကို ရှင်းလင်းပြသသည်။ ထို့နောက် တက်ရောက်လာကြသော မဲဆန္ဒရှင်ပြည်သူများက တစ်ဦးချင်းကိုယ်တိုင် စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ကြကြောင်း သိရသည်။ **ချမ်းမြေ့(ချမ်း/စည်)**



## ခရမ်းမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ခရမ်း စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ လက်ပန်တန်းကျေးရွာ အမက (မူလွန်)ကျောင်းတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၃ ရက်က ကျင်းပသည်။



ဦးစွာ လက်ပန်တန်းကျေးရွာ အမက(မူလွန်) ကျောင်းမှ ကျောင်းအုပ်ဆရာမ ဒေါ်မြမြတ်ချယ်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်နှင်းဝေက လျှပ်စီးဘေးအန္တရာယ်နှင့် လျှပ်စီးကြောင့် အသက်အန္တရာယ်ကင်းရှင်းစေရေးအတွက် နေထိုင်ပြုမူရမည့် အချက်များ၊ လျှပ်စီးလုပ်နေစဉ် လျှပ်စီးလုပ်ပြီးနောက် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းမဖြစ်ပေါ်မီ သတိပေးချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးနောက် နောက်ဆက်တွဲဆိုးကျိုးများ၊ ရေကြီးခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်နှင့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်သည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ခရမ်း(ပြန်/ဆက်)**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေး

**မင်္ဂလာတောင်ညွန့် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးခြင်းများကို စက်တင်ဘာ ၃ ရက်က စက်ဆန်းရပ်ကွက် သိဒ္ဓိအောင်ဓမ္မာရုံ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲဝင်းထွန်းက အမှာစကားပြောကြားပြီး နည်းပြများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာအသိပညာပေး ရှင်းလင်းပြောကြားသည်။ ယင်းနောက် မဲဆန္ဒရှင် ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ရာ မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာ စမ်းသပ်မဲပေးကြကြောင်း သိရသည်။ **မြတ်မြတ်အေး(ပြန်/ဆက်)**

## ပူတာအိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပူတာအို စက်တင်ဘာ ၅**

ကချင်ပြည်နယ် ပူတာအိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂ ရက်က ပူတာအိုမြို့နယ် လယ်မယ်ဝါဂျီကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုးနိုင်က စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး စာအုပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

## အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ဗိုလ်ဥဘ (၂) လမ်း၊ အမှတ် (၄၁/အေ) နေ ဦးနေယုအောင် ၁၂/မရက (နိုင်)၁၃၇၀၇၇ မှ အောက်ပါအမှတ်တံဆိပ်ကို မူပိုင်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၇၂၁၂/၂၀၂၅) ဖြင့် (၁၉-၈-၂၀၁၅) ရက်တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်-

CAFE M

**အမှတ်တံဆိပ်အမည်အမှတ်အသား**

အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို မိမိမှထုတ်လုပ်ဖြန့်ချိသော ကော်ဖီ၊ ဖျော်ရည်အအေးများ၊ တရုတ်ဟင်းလျာများ၊ မြန်မာထမင်းဟင်းများနှင့် စားသောက်ကုန်အမျိုးမျိုးတို့တွင် အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုပြုလုပ်ပြီး ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူဘူး၊ စက္ကူအိတ်၊ သံဘူး၊ အစရှိသည့် ထည့်သွင်းပစ္စည်းအမျိုးမျိုး၊ ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့အပေါ်တွင် အသားတံဆိပ်ပြုလုပ်ခြင်း၊ ဖိနှိပ်ခြင်း၊ ကပ်နှိပ်ခြင်းများကို ပြုလုပ်ပြီး ထုတ်လုပ်ထည့်သွင်းထုပ်ပိုးကာ တစ်ဦးတည်းမူပိုင်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ အတုအပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတို့ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေယုအောင်**
**၁၂/မရက(နိုင်)၁၃၇၀၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/54015 ယာဉ်လက်ဝယ်ရှိသူ ဦးဖွဲ့သီဟနိုင် ၇/ပခန(နိုင်)၄၆၆၆၃၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/41297 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုဝင်း ၇/ပခန(နိုင်)၃၇၃၇၃၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## အမည်ပြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြန်မာ့ပညာရေးအောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-3မှ ဦးမျိုးဇော်ထွန်း၏သမီး မသွဲ့နှင်းဝေသျှံအား မသင်းသံသာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မသင်းသံသာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အလက နဘဲပင်ကျောင်းမှ ဆရာထွန်းမြင့်ထွန်း ၇/ကဝန(နိုင်)၁၁၂၀၆၆ ၏ ဖခင်အမည်မှန်မှာ ဦးမောင်ပို(ခ)ဦးပို ၇/ကဝန(နိုင်)၀၇၅၉၅၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ပို(ခ)ဦးပို**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ချောင်းနက်ကျေးရွာအုပ်စု၊ စံပြနဘဲတန်းကျေးရွာနေ(ဘ)ဦးသန်းကြီး၏သားဖြစ်သူ ၈/နမန(နိုင်)၀၅၈၆၅၇ ဦးစိန်အောင်နှင့် ဦးပေါ သည် အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၃၃၇)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဒေါ်ခင်ဌေးရီ(ဘ)ဦးဘတင် ၉/မထလ(နိုင်)၀၁၅၇၈၃အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ခင်ဌေးရီ မှ ဒေါ်သန်းသန်းဦး(ဘ)ဦးပေါလု ၁၃/လရန(နိုင်)၁၅၃၀၂၈နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အိုင်ဇောက်ကျေးရွာအုပ်စု၊ ငွေးချောင်းကျေးရွာနေ (ဘ) ဦးကျော်သိန်း၏သားဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၈/နမန(နိုင်)၀၉၆၆၁၈ ဦးစောလှထွန်းနှင့် ဦးမောင်ငြိမ်းသည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစောလှထွန်း**
**၈/နမန(နိုင်)၀၉၆၆၁၈**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/78920 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေလှဲ့ဝင်း ၇/ဒဥန(နိုင်)၁၂၇၃၇၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/10738 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မင်း ၇/ဒဥန(နိုင်)၁၆၅၉၁၄က ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ်(၁၁)၊ အကျယ်အဝန်း အလျား(၃၀)x အနံ(၈၀)ပေရှိ အိမ်မြေ၊ ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား (၁)ဒေါ်သင်းသင်းကြိုင် (၁၂/မဂဒ(နိုင်)၁၀၃၃၉၀)၊ (၂)ဦးချိုတူး(၁၂/မဂဒ(နိုင်)၁၆၀၉၁၀)၊ (၃)ဦးဝင်းနိုင်ထွန်း(၁၂/မဂဒ(နိုင်) ၁၆၀၉၁၁) (၄)ဒေါ်ဝင်းဝင်းမာ(၁၂/မဂဒ(နိုင်)၁၆၀၄၃၆)တို့မှ (၂၉-၂-၂၀၂၀)ရက်တွင် မေတ္တာဖြင့် အပိုင်ပေးအပ်ခြင်း ဝန်ခံကတိစာချုပ်အားချုပ်ဆိုပြီး ဦးတင်လှိုင်ဝင်း(၁၂/မဂဒ(နိုင်)၁၆၀၉၁၂)အား ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်၍ ဦးတင်လှိုင်ဝင်း တစ်ဦးတည်းမှသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး တရားဝင်ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြေးမုံဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၁)၊ ကံ့ကော်လမ်း၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၄၈၀၁၂၇၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

ချောက်ခရိုင်၊ ချောက်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အောင်မြေရပ်၊ အကွက်အမှတ်နှင့် အမည်(၁၉/ရဲဌာနာ)၊ ဦးပိုင်အမှတ် (၁၁)၊ မြေကွက်အမှတ်(၇၈)၊ မြေမျိုးနှင့်အတန်း (မြို့မြေ)၊ ပိုင်ဆိုင်ခွင့်(အစိုးရ)၊ မြေဧရိယာ(၀.၀၆၃)ဧကရှိ မြေကွက်သည် ဒေါ်ဝင်းတာတာထွဋ်အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာမှုအပေါ် မည်သူမဆို ခိုင်လုံလှသော အထောက်အထားများဖြင့် (၁၅)ရက်အတွင်း ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့လည်းကောင်း၊ ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဤမြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ချောက်ခရိုင်**
**အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (၁)ကျောင်း၊ Grade-12၊ ကျောင်းဝင်အမှတ် (ဃ-၄၇၀၁)၊ (Steams-I)မှ မောင်မြတ်သူအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်တင် ၁၄/ဝခမ(နိုင်) ၀၆၀၆၅၅ ဖြစ်ပါကြောင်း။

## အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁) ကျောင်း (G-12)မှမောင်ကျော်ကျော်ဗိုလ်၏ အမည်မှန်မှာ မောင်စိုင်းကျော်ကျော်ဗိုလ် ၅/ ဟမလ(နိုင်)၁၉၀၀၀၇ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ်(၁၀၉/ခ)နေ ဦးယဉ်ထွေး (ဘ)ဦးတင်ရွှေ(၁၂/ဥကမ(နိုင်)၁၅၇၈၄၃) ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးယဉ်ထွေး၏မိခင်ဖြစ်သူ ဒေါ်လှကြည်သည် ၎င်းပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ကျန်သားသမီးအားလုံးတို့အား ရသင့်ရထိုက်သည့် အမွေဝေစုအဖြစ် ခွဲဝေပေးခဲ့ပြီးဖြစ်သလို ကျန်ရှိသည့် ဒေါ်လှကြည်ပိုင်ဆိုင်သော အမှတ်(၁၀၉/ခ)၊ သုဓမ္မာလမ်းမ၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အလျား(၁၅)ပေ x အနံ(၆၀)ပေအကျယ်ရှိ မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အား ရောင်းချပြီးပါက အရောင်းတန်ဖိုးတစ်ဝက်တိတိအား အမွေမရရှိသေးသော ဦးယဉ်ထွေးအား အမွေဝေစုအဖြစ် ပေးအပ်မည်ဖြစ်ကြောင်း (၂၂-၈-၂၀၂၅)ရက်တွင် နှစ်ဦးသဘောဝန်ခံကတိစာချုပ်အား ဂုဏ်သရေရှိ အသိသက်သေများ၊ ရှေ့နေများ၊ မိသားစုဝင်များအားလုံးရှေ့မှောက်၌ စာချုပ်ချုပ်ဆိုပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ချက်အရ-** |
| **ဦးယဉ်ထွေး** | **ဒေါ်သန္တာရှိန် (LL.B)** |
| **၁၂/ဥကမ(နိုင်)၁၅၇၈၄၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၇၂)** |
| | **အမှတ်(၁၀၉)၊ သုဓမ္မာလမ်းမကြီး၊ (၄)ရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်၊ဖုန်း-၀၉-၄၂၀၃၂၀၁၁၈** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်မေမျိုးဟန် (၁၂/ဥကတ(နိုင်)၁၂၉၉၅၇)(ဘ) ဦးဟန်သိန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ- ၃၄၅၅၈)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၂၈/၂၀၂၃ (၄-၁၀-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမင်းကိုကိုဦး (၁၂/ရပသ(နိုင်) ၀၄၀၃၅၇) (ဘ)ဦးအေးဟန်မှ ဒေါ်မြတ်သီတာအေး (၅/မရန(နိုင်)၀၀၀၃၃၁)နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ ရှေ့ရပ်ကွက်၊ စုပေါင်းရုံးဝင်းနေ မဟန်နီအောင် ၁/မမန(နိုင်)၀၄၈၇၆၂ ၏ မိခင် ဒေါ်နုရီနှင့် ဒေါ်ခင်နုရီ ၁/မမန(နိုင်)၀၁၃၅၃၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောင်းမြမြို့၊အထက(၁) ကျောင်း G-12 တွင် ပညာသင်ကြားနေသော မဂျူးဇင်ဇင်အောင် ၁၄/မမန(နိုင်)၃၉၅၃၄၁ ၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်ဝင်း ဖြစ်ပါကြောင်း။

**ဦးသန်းနိုင်ဝင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ် (၉၃၄(က)၊ တ/၁၅ ရပ်ကွက်၊ လမ်းပေါ်တွင်ရှိသည့် မြေကွက်အမှတ် (၉၃၄/က) မိုးဆန်းကျောကပ်လမ်းဟုခေါ်တွင်သော ပေ၂၀xပေ၆၀ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (ဦးခင်သိန်း) အမည်ပေါက် ဂရန်ဖြစ်ပြီး စာချုပ်အဆက်စပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ ဒေါ်စိမ်းမို့မို့ ၁၂/ရပသ(နိုင်)၁၂၁၄၅၆တို့က ၎င်းတို့သာလျှင် တရားဝင် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မျိုးမင်း (၈/ဆဖန(နိုင်)၀၇၅၄၇၇)မှ ဝယ်ယူမည်ဖြစ်၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေကျပ် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့် ပတ်သက်ပြီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးသီရိမော်** | **ဒေါ်နန်းချိုမာခိုင်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၂၁)၊ သခင်ဖိုးလှကြီးလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၀၅၉၃၄၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မြေကွက်အမှတ် (၁၂၁၄/ခ)၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေ၊ အလျား(၂၀)ပေxအနံ(၆၀)ပေရှိမြေကွက်မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးအောင်မြတ်ဇော်အမည်ဖြင့်တည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပြီး လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိထားသူ ဦးအောင်သူ (၁၂/ဗတထ(နိုင်)၀၃၈၀၀၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဇင်မာဝင်း (၁၂/ဒလန(နိုင်)၀၂၆၈၇၈)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်၏ထံသို့ ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများ ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဇင်မာဝင်း** | **ဒေါ်ကြည်ပြာစမ်း(LL.B)** |
| **(၁၂/ဒလန(နိုင်)၀၂၆၈၇၈)** | **(တရားလွှတ်တော်ရှေ့နေ)(စဉ် - ၁၆၃၆၃)** |
| | **အမှတ်-၅၅၊ အခန်း (၁၆)၊ ပထမထပ်၊** |
| | **မဟာဗန္ဓုလပန်းခြံလမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၄၃၀၄၂၁၃၄၊၀၉-၇၉၇၇၇၄၂၄၈** |

## (၂၆-၈-၂၀၂၅)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးကျော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဝင်းလှိုင်(မောင်ရတနာ)၏ အများသိစေရန် ကြေညာချက်အား ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဦးညိုခြံ၊ သီရိဟေမာလမ်း၊ အမှတ်(၈)တွင်နေထိုင်သူ ဒေါ်အေးကြိုင်(၁၂/ဗတထ(နိုင်)၀၁၁၀၁၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာချက်အား ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၇/ခ၊ မြေကွက်အမှတ်- ၄/ဆ၊ ဇဝနရပ်ကွက်၊ ဦးညိုခြံ၊ သီရိဟေမာလမ်း၊ အမှတ်(၈)၊မြေပိုင်မြေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့သည် ဒေါ်အေးကြိုင်အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်တည်ရှိနေသော မြေနှင့်အိမ်ဖြစ်ပါသည်။

ဒေါ်အေးကြိုင်နှင့်ခင်ပွန်းဖြစ်သူ ဦးကျင်မောင်(ကွယ်လွန်)တို့တွင် သားသမီး(၅)ဦး ထွန်းကားခဲ့ပါသည်။ ဒုတိယသမီးဖြစ်သူ မအေးအေးမာသည် ဦးကျော်ထွန်းနှင့်လက်ထပ်ထိမ်းမြားခဲ့ပြီးနောက် (၁၁-၉-၂၀၀၃)ရက်မှစ၍ မိဘများ၏ယခု နေအိမ်သို့ ခေါ်ယူနေထိုင်စေခဲ့ခြင်းဖြစ်ပါသည်။

ဦးကျော်ထွန်း၏ဇနီးဖြစ်သူ မအေးအေးမာ၏ ကြွေးမြီကိစ္စများစွာကို မိဘများမှ ပြေကျေအောင် ပေးဆပ်နိုင်ရန်အတွက် မိဘများပိုင်ဆိုင်သော ပစ္စည်းများအား ရောင်းချ၍ပေးဆပ်စေခဲ့ပါသည်။ ထိုသို့ ပေးဆပ်သော်လည်း ကြွေးမြီများကျန်ရှိနေသောကြောင့် မိဘမေတ္တာဖြင့် ယခုကြော်ငြာပါ မြေနှင့်အိမ်အား (၆-၁၂-၂၀၀၆)ရက်တွင် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေကျပ် ၃၀,၀၀၀,၀၀၀/-(ငွေကျပ်သိန်း သုံးရာတိတိ)ဖြင့် အပေါင်အာမခံတင်သွင်းပြီး ချေးငွေယူကာ မအေးအေးမာမိသားစု၏ ကြွေးမြီများအား ပေးဆပ်စေခဲ့ပါသည်။ (၁၁-၂-၂၀၀၉)ရက်တွင် မြန်မာ့စီးပွားရေးဘဏ်သို့ မအေးအေးမာ၏ခင်ပွန်း ဦးကျော်ထွန်းမှ ချေးငွေပေးဆပ်ပေးရန် တာဝန်ရှိ၍ ချေးငွေပေးဆပ်ပြီး အာမခံတင်သွင်းထားသော မှတ်ပုံတင်စာချုပ်မူရင်းအား ပြန်လည်ရွေးထုတ်ပေးခဲ့ပါသည်။ သမီးနှင့်သားမက်ဖြစ်နေ၍ စိတ်ချယုံကြည်စွာဖြင့် စာချုပ်မူရင်းအား ပြန်လည်တောင်းခံခြင်းမပြုဘဲ အဆိုပါအိမ်တွင် ယနေ့အချိန်ထိ အတူတကွနေထိုင်ခဲ့ခြင်းသာဖြစ်ပါသည်။

သမက်ဖြစ်သူ ဦးကျော်ထွန်းမှ ယုံကြည်စိတ်ချထားမှုကို အလွဲသုံးစားပြု၍ (၂၆-၈-၂၀၂၅) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖြစ်ရပ်မှန်များကို ဖုံးကွယ်၍ ကြေညာခဲ့ခြင်းသာဖြစ်ပါသည်။

မအေးအေးမာနှင့်ပတ်သက်၍ မိခင်ဖြစ်သူနှင့်ညီအစ်ကိုမောင်နှမများ အရှက်ကွဲ ဂုဏ်သိက္ခာအကြိမ်ကြိမ်ကျဆင်းခဲ့ရသဖြင့် မအေးအေးမာ(၁၂/ဗတထ(နိုင်)၀၁၁၁၅၄)အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့်၎င်းတို့လက်ဝယ်ရှိ ဒေါ်အေးကြိုင်အမည်ပါ မှတ်ပုံတင်စာချုပ်မူရင်းကို ဒေါ်အေးကြိုင်ထံ လက်ဝယ်အပ်နှံပြီး ဦးကျော်ထွန်းနှင့်မအေးအေးမာတို့ မိသားစုသည် (၃၁-၁၀- ၂၀၂၅)ရက် နောက်ဆုံးထား၍ အိမ်မှဖယ်ရှားထွက်ခွာပေးရန် သတိပေးတောင်းဆိုပါသည်။

အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်အောင် LL.B, DIL, DBL, DML တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၁၈/၂၀၁၇)**
**အမှတ်-၁၅၃/ဘီ၊ (၃၂)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၄၇၆၃၇၊ ၀၉-၅၀၃၀၉၁၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက် အမှတ် (ဒ-၄၀၈၅)၊ မြေဧရိယာ (၀.၀၈၁)ဧကရှိ ဦးဝေယံဆောင်း (ဘ)ဦးတင်မောင်ဝင်း ၉/လဝန(နိုင်)၂၁၂၂၈၉ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးဝေယံဆောင်းမှ ဦးကျော်ဆွေ (ဘ)ဦးမောင်ကို ၈/ဂဂန(နိုင်)၀၁၀၇၆၁နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရလပ(မ)၂၃)၊ မြေကွက်အမှတ်(၅၁၄) ၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ (အရပ်အခေါ် အမှတ်(၅၁၄)၊ ခရေ(၁)လမ်း၊ ၂၃-ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်) ဟုခေါ်တွင်သော ဦးဝမ်းတင်အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဥပဒေနှင့်အညီဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းကသာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးကျော်မြင့်အောင်(၁၂/စခန(နိုင်)၀၆၀၅၇၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်-၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လောက်ကိုင်မြို့၊ ရွှေယင်စီးအုပ်စု၊ ရွှေယင်စီးရွာနေ မရီကျားယိ(ဘ) ဦးလီဖန်းချိန် (၁၃/လကန(နိုင်) ၀၂၇၂၄၃)၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၈၉၈၈၇၄၉**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 16W/83644, Honda Wave- 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၁၄/ဟသတ(နိုင်)၀၃၅၅၇၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေ အမိန့် -၅ ၊ နည်းဥပဒေ ၁ နှင့် ၅ )

### ပြင်ဦးလွင်မြို့နယ်တရားရုံးတော်

### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁

ဒေါ်မျိုးသီတာ (တရားလို) နှင့် ဦးဇော်ဝင်းအောင် (တရားပြိုင်)

ပြည်မြို့နယ်၊ အနောက်စည်သာရွာ၊ ပန်းတောင်းမြို့နေ ဦးဇော်ဝင်းအောင် (ဘ)ဦးမျိုးအောင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မျိုးသီတာက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောအထောက်အထား စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းမြတ်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်- ၅ နည်းဥပဒေ- ၂၀)

### ကျိုင်းတုံခရိုင်တရားရုံးတော်၌

### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၇

ဒေါ်နန်းဝိုးဖတ် (တရားလို) နှင့် ဦးစိုင်းလုံ (တရားပြိုင်)

ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)၊ ရန်းကုန်းရပ်နေ ဦးစိုင်းလုံ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)၊ ရန်းကုန်းရပ်နေ ဒေါ်နန်းဝိုးဖတ်က မြေကွက်အရောင်း အဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်(၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၅)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်- ၅ နည်းဥပဒေ ၂၀)

### ကျိုင်းတုံခရိုင်တရားရုံးတော်၌

### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၆

ဒေါ်ခိုင်သဇင် (တရားလို) နှင့် ၁။ နံဆိုက်ထမ်း ၂။ ရီဆောင် ၃။ ခမ်းပေါင် (တရားပြိုင်များ)

ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ နောင်တုံရပ်နေ ၁။ တရားပြိုင် နံဆိုက်ထမ်း ၂။ တရားပြိုင် ရီဆောင် ၃။ တရားပြိုင် ခမ်းပေါင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ကျိုင်းတုံမြို့ ၊ အမှတ်(၅)ရပ်ကွက်၊ နောင်လုံရပ်နေ ဒေါ်ခိုင်သဇင်က ကတိပဋိညာဉ်အတိုင်း - မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၄)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ်ာတမြို့နယ်၊ အမက- ရှားဖြူကုန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ဥမ္မာညွန့် ၁၄/ဟသတ(နိုင်)၀၇၂၇၉ ၏ ဖခင်အမည်မှာ ဦးစောမောင်ညွန့် (ခ) ဦးမောင်ညွန့်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ဥမ္မာညွန့်**

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ်ာတမြို့နယ်၊ အမက- စိန်ပန်းကုန်း ကျောင်းမှ ဒု-မူလတန်းပြ ဆရာမ ဒေါ်မြင့်မြင့်လှိုင် ၁၄/ဟသတ(နိုင်)၁၀၇၇၅၅၏ ဖခင်အမည်မှာ ဦးအုံးရွှေ(ခ)ဦးအုန်းရွှေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်လှိုင်**

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ်ာတမြို့နယ်၊ အမက- အင်းကြီးကျောင်းမှ မူအုပ်ဆရာမ နန့်ဥမ္မာစိုး ၁၄/ဟသတ(နိုင်) ၀၄၇၅၀၇ ၏ ဖခင်အမည်မှာ မန်းမျိုးအောင် (ခ)ဦးမျိုးအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန့်ဥမ္မာစိုး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ဖားရွှေကျော်လမ်း၊ မြေကွက်အမှတ်(၈၄၉)ဟုခေါ်တွင်သော အလျားx အနံ(၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဦးမာဃ** (X/RGN-၀၀၄၂၃၈) (၁၂/စခန(နိုင်)၀၂၄၄၀၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဒေါ်ရီရီ** (၁၃/လရန(နိုင်)၀၈၄၅၄၉)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ(၁၁)လမ်းအနောက်၊ အမှတ်(၄၇၄)ဟုခေါ်တွင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မာန်ပြေ(၁၁)လမ်းအနောက်၊ မြေကွက်အမှတ်(၄၇၄)၊ အကျယ်အဝန်းဧရိယာ(၄၀x ၆၀)ပေရှိ ဦးစိန်လေးအမည်ပေါက်မြေကွက် နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၃ )ထပ်တိုက်၏ မြေညီ(ခေါင်းရင်းခြမ်း) အကျယ်အဝန်း(၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသည့်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ မြေအမည်ပေါက် ဦးစိန်လေး(၁၂/သကတ(နိုင်)၁၀၈၈၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအုန်းသီဟလွင်(၆/ ထဝန(နိုင်)၀၇၆၂၄၅)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်း နှင့်ပတ်သက်၍ အရောင်းအဝယ်ပြု လုပ်ခြင်းအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ် LL.B , B.A(Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၂)**
**အမှတ်(၁၂၂၉)၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဖုန်း-၀၉-၉၈၂၉၃၅၉၉၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅ ) ဧကရှိ ဒေါ်ကြူကြူမြင့် ၂/လကန(နိုင်)၀၀၉၇၇၃(ဘ)ဦးလေးမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၀၀၂၉)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၊ ၁၅၃၇/၂၀၂၂(၂၂-၄-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမျိုးမြင့်အောင် (၅/မရန(နိုင်)၁၈၀၀၂၀)(ဘ) ဦးမောင်သောင်းမှ ဦးဝေဖြိုးအောင် (၉/မဟမ(နိုင်)၀၀၁၇၅၅)နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၉၀-အေ)၊ ဧရိယာ(၀.၀၅၂)ဧကရှိ ဦးကျော်သူရ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြင့်မြင့်ကြည်(ဘ)ဦးမောင်စိန် (၁၃/ကခန(နိုင်)၀၈၇၅၈၀)မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၂၂/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးညွန့်ဝင်း(ဘ) ဦးအိုက်မောင် (၁၃/ကခန(ဧည့်)၀၀၀၄၈၆)နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/99526, Jianshe-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွဲ့ရင်ဝင်း ၉/ဒသလ(နိုင်) ၀၀၂၉၅၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/9394, Toyota Mark X ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနွတ်ကျောက် ၁၃/ကတန(နိုင်) ၀၇၅၆၉၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ မဲဇလီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ နော်စေးခူဖော၏ ဖခင်အမည်မှန်မှာ စောမောင်ကျော် ၁၄/ညတန(နိုင်)၀၃၃၃၀၃ ဖြစ်ပါကြောင်း။

**စောမောင်ကျော်**
**၁၄/ညတန(နိုင်)၀၃၃၃၀၃**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ မဲဇလီကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မခင်ပပလှိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော်ဌေး ၁၄/ညတန(နိုင်)၁၀၄၄၉၄ ဖြစ်ပါကြောင်း။

**ဦးခင်ဇော်ဌေး ၁၄/ညတန(နိုင်)၁၀၄၄၉၄**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပင်းယလမ်း၊ မြေကွက်အမှတ်(၄၃၃/ခ)၊ ပေ (၂၀ x ၆၀)အကျယ်အဝန်းရှိ ဦးမောင်မောင် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား ဂရန်အမည်ပေါက် ပိုင်ရှင်ထံမှ ဦးသန့်ဇင် (ခ) မာမက်ကာစင်၊ (ဘ) ဦးဖိုးစိန် (၁၂/ဥကတ(နိုင်)၁၂၈၄၆၂ က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ ၈-၆-၂၀၀၇ ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာ ရယူပြီး လက်ရှိပိုင်ဆိုင်ထားသူဖြစ်ပါသည်။ အဆိုပါမြေကွက် နှင့်ပတ်သက်၍ မည်သူကိုမျှ အရောင်းအဝယ်ပြုလုပ်စေခြင်း၊ မြေစာရင်းမြေပုံတူ ကူးယူစေခြင်းနှင့် အခြားကိစ္စအရပ်ရပ်များကိုလည်း ဆောင်ရွက်ခွင့်မပြုကြောင်းနှင့် ခိုးယူဆောင်ရွက်မှုများရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန့်ဇင် (ခ) မာမက်ကာစင်(၁၂/ဥကတ(နိုင်)၁၂၈၄၆၂)**
**အမှတ်(၄၃၃/ခ)၊ ပင်းယလမ်း၊ အမှတ်(၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ်-၂၁၆၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၀၀)၊ ၅-လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ညိုဇံ (၁၂/ဒပန(နိုင်)၀၀၃၄၉၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ညိုဇံ(မိခင်)၊ ဦးထွန်းစိန် (ဖခင်)၊ ဦးစိုးပိုင်(အစ်ကို) (လူပျိုကြီးဘဝ)တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ဝင်းဝင်းနွယ် (၁၂/ဒပန(နိုင်)၀၀၃၀၀၆)မှ မိဘများနှင့် အစ်ကိုဖြစ်သူတို့ကွယ်လွန်ပြီးနောက် ဖော်ပြပါမြေကွက်ကို ၄င်းတစ်ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ ဒေါ်ညိုဇံ၊ ဦးစိုးပိုင်တို့၏သေဆုံးမှုလက်မှတ်များ၊ဦးထွန်းစိန်၏ သေစာရင်းသွင်း မိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ် ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၅/သာဇီအနောက်၊ ဦးပိုင်အမှတ် (၈)၊ ဧရိယာ(၀.၁၆၅)ဧကရှိ ဒေါ်ကျင်မြိုင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးခင်ဇော် ၉/ပမန(နိုင်)၀၁၀၄၈၀ မှ ပိုင်ဆိုင် ကြောင်း ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၅/သာဇီအနောက်၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀.၁၄၉)ဧကရှိ ဦးကြည်(ပါ)၂-ဦး အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဦးခင်ဇော်၊ ၉/ပမန(နိုင်)၀၁၀၄၈၀ မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ မသင်းသင်းမော် (ဘ)ဦးစံသိန်း၊ ၁၄/လပတ(နိုင်)၁၆၉၁၄၅၊ အမှတ်(၁)ရပ်ကွက်၊ လပွတ္တာမြို့နေသူသည် မောင်အောင်အောင် (ဘ)ဦးတင်ဋ္ဌေ ၁၄/ပစလ(နိုင်)၀၃၇၀၃၅၊ အမှတ်(၁) ရပ်ကွက်၊ လပွတ္တာမြို့နေသူနှင့် (၂၀-၈-၂၀၂၅)ရက်တွင် အသိသက်သေ ဒေါ်စန်းစန်းမော်နှင့် ဒေါ်နီမာစိုး(အထက်တန်းရှေ့နေ)တို့ရှေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကိုပြုလုပ်၍ အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မသင်းသင်းမော်**
**၁၄/လပတ(နိုင်)၁၆၉၁၄၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၂၃-သုဝဏ္ဏ၊ မြေကွက်အမှတ်-၁၇၅/ခသည် မိခင်ဒေါ်ရီရီရွှေ(ခ)ဘီးဟွာ (၁၂/တမန(နိုင်)၀၇၈၃၅၄)အမည်ပေါက် ပိုင်ဆိုင်သော နှစ်(၆၀)ဂရန်မြေဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား သား(အရင်း)ဖြစ်သူ ဦးဇော်ဝင်းမောင် (၁၂/တမန(နိုင်) ၀၀၀၃၂၇ အား မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းမည်ဖြစ်ပါသည်။

ညီအစ်ကိုမောင်နှမများမှလည်း သဘောတူလက်ခံပြီးဖြစ်ပါသောကြောင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါကယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာ (LLB) အထက်တန်းရှေ့နေ (စဉ်-၂၁၂၁၄)**
**ဖုန်း-၀၉-၉၅၅၀၂၀၁၁၁၊ ၀၉-၅၁၀၀၂၃၅**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ရုံးအမှတ်(၃၁)၊ နေပြည်တော် လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး (၃၇) နေရာအတွက် အောက်ပါပညာအရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | (၃၇)နေရာ | တက္ကသိုလ်ဝင်တန်းအောင်မြင်သူ(သို့မဟုတ်) ဓမ္မာစရိယ(၄)မျိုးအနက် တစ်မျိုးမျိုးရရှိပြီးသူ(သို့မဟုတ်) ပထမကြီးတန်းအောင်မြင်ပြီးသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဂ) ၃၀-၉-၂၀၂၅ ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊ **(တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/ အခြေခံပညာထောက်ခံချက်များပါ မွေးနေ့သက္ကရာဇ် အတိုင်းသာ အတည်ပြုမည်။)**

(ဃ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ **(ဝေးလံခေါင်းပါးသည့် နယ်စပ်တောင်တန်းဒေသများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသဖြင့် အမျိုးသားများကို ဦးစားပေးရွေးချယ်မည်။)**

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏အောက်ပါအချက်အလက်များ ပြည့်စုံစွာ ပူးတွဲပေးပို့ရမည် -

(က) ပညာအရည်အချင်းထောက်ခံချက်(ဘွဲ့ရရှိသူဖြစ်ပါက ဘွဲ့လက်မှတ်ထောက်ခံချက် မိတ္တူ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊ ပထမကြီးတန်းအောင်လက်မှတ်မိတ္တူ)

(ခ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိသော အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ၊ တစ်လအတွင်းရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်မူရင်း ပါရှိရမည်၊

(စ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန ခွင့်ပြုချက်မူရင်း၊ **(လျှောက်လွှာတင်ပြသည့်နေ့တွင် တစ်ပါတည်း တင်ပြရမည်။)**

(ဆ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမူရင်း၊

(ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ၊

(ဈ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ တစ်လအတွင်း ရယူထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊

(ည) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊

(ဋ) ဤဌာနတွင် ခန့်ထားခြင်းခံရပါက အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည် ဖြစ်ပါကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေ ကျပ်(၁၅)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း အာမခံသူ (၂)ဦး၏ ထောက်ခံချက်ပါဝင်သည့် ကတိပြုဝန်ခံချက်။

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံနှင့် ဝန်ခံကတိပြုလွှာများအား **သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန Website (www.dpps.gov.mm)** တို့တွင် ရယူနိုင်ပြီး လျှောက်လွှာများကို ၃၀-၉-၂၀၂၅ ရက်နေ့ထိ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်သို့ နောက်ဆုံးထားလျှောက်ထားရမည်။

၅။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို လုံးဝထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ အရည်အချင်းစစ်ဆေးမည့် နေ့ရက်အား သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လျှောက်ထား သူများထံသို့ တိုက်ရိုက်ဆက်သွယ်အကြောင်းကြားပါမည်။

၇။ အသေးစိတ်သိရှိလိုပါက သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် ဖုန်း(၀၆၇-၃၄၀၆၄၇၂)သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံမြို့၊ အမှတ် (၄)ရပ်ကွက်၊ သရဖီလမ်း၊ ဝန်ထမ်းအိမ်ရာနေ စောလွင်ကျော်ထွန်း ၃/ဘအန (နိုင်) ၂၅၉၆၂၀ ၏ ဖခင် ဦးဘရှိန်း(ခ) ဦးစောဘရှိန်း ၃/ဘအန(နိုင်) ၀၁၂၇၅၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ မင်းကံကြီးရွာနေ ဦးကြည်စိုး၏သမီး မစုမာဌေး ၅/ယမပ(နိုင်)၁၁၇၆၄၆၏ နိုင်ငံကူးလက်မှတ် နံပါတ် MF-957510 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၃၄၄၃၃၇

## တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်ရှိ ကွန်ကရစ်ရေကာနံရံ အရှည်(၁၄၂၀)ပေ တည်ဆောက်ခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုကာကွယ်နိုင်ရေး ကမ်းပြိုကမ်းစားမှုကာကွယ်နိုင်ရေးတို့အတွက် တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်ရှိ ရေကာနံရံအရှည်(၁၄၂၀)ပေအား ကွန်ကရစ်ရေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် ပြည်တွင်းလုပ်ငန်းရှင်မည်သူမဆို အောက်ဖော်ပြပါအတိုင်း တင်ဒါဆက်သွယ်ဝယ်ယူတင်သွင်းနိုင်ပါသည်-

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၈-၉-၂၀၂၅ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း) |
| **တင်ဒါပိတ်မည့်ရက်** | - | ၂၂-၉-၂၀၂၅ ရက် (တနင်္လာနေ့) (ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်** | - | ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး တယ်လီဖုန်း အမှတ် (၀၉-၇၈၈၄၈၃၈၆၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့်စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ/ ပရီမီယံဒီဇယ်ဆီ | ၄၀၀၀၀၀၊ ၇၀၀၀၀ ဂါလန် |
| (ခ) | ဘီလပ်မြေ/HDPE ပိုက်နှင့် ပိုက်ဆက်ပစ္စည်း | ၅၀၀၀၀ အိတ်/1 Lot |
| (ဂ) | အမှိုက်သိမ်းယာဉ်ကြီး/ ယာဉ်ငယ်စက်အရံပစ္စည်းများ | 2 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈ - ၉ -၂၀၂၅ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၃ -၉ -၂၀၂၅ ရက် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ်ာတမြို့နယ်၊ အထက-နတ်မော်ကျောင်းမှ မူလတန်းပြဆရာမ ဒေါ်သန်းတင်အေး ၁၄/ဟသတ(နိုင်)၀၄၁၂၁၉၏ ဖခင်အမည်မှာ ဦးမောင်အုန်း(ခ)ဦးအုံးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်သန်းတင်အေး**

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ်ာတမြို့နယ်၊ အထက-နတ်မော် ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ညွန့်ညွန့်အေး ၁၄/ဟသတ(နိုင်)၀၄၁၂၃၃ ၏ ဖခင်အမည်မှာ ဦးအုန်းလွင် (ခ)ဦးအုံးလွင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ညွန့်ညွန့်အေး**

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ်ာတမြို့နယ်၊ အထက-နတ်မော်ကျောင်းမှ လ/ထ မူလတန်းပြဆရာမ ဒေါ်ထက်ထက်ဝေ ၁၄/ဟသတ(နိုင်)၃၁၅၈၉၈ ၏ ဖခင်အမည်မှာ ဦးကျော် (ခ) ဦးကျော်ဝင်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ထက်ထက်ဝေ**

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ်ာတမြို့နယ်၊ အထက(၆) ကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်အေးအေးသူ ၁၄/ဟသတ(နိုင်)၀၄၈၈၁၁၏ ဖခင်အမည်မှာ ဦးအချင်း(ခ)စောအချင်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်အေးအေးသူ**

## (၂.၉.၂၀၂၅)(အင်္ဂါ)နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(၂၆)ပါ ဦးစောခိုင်ကိုယု၏ကြေညာချက်အား ဦးစောခိုင်ကိုယုနှင့် အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သူဇာနွယ်(ဘ)ဦးငွေပေါ(၁၂/မရက(နိုင်)၁၂၀၂၆၅) နှင့် ဦးစောခိုင်ကိုယု(ဘ)ဦးယုရီ(၁၀/သထန(နိုင်)၁၂၆၅၈၂)တို့သည် ယနေ့ ယခုအချိန်ထိ တရားရုံးတွင်အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခြင်း မပြုရသေးသည့် တရားဝင်အကြင်လင်မယားများသာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်သူဇာနွယ်နှင့်ဦးစောခိုင်ကိုယုတို့ အကြင်လင်မယားနှစ်ဦးပိုင်ဖြစ်သည့် 3S-7008 TOYOTA Adventure မော်တော်ယာဉ်နှင့် ရွှေလုပ်ငန်းသုံးစက်ကရိယာများကို ကျွန်ုပ်မိတ်ဆွေ ဒေါ်သူဇာနွယ်၏သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိပါပဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း ပြုလုပ်ခွင့်မရှိပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်သူဇာနွယ်၏ သဘောတူခွင့်ပြုချက်မရှိပဲ ဝယ်ယူခြင်း၊ ပေါင်နှံခြင်းကိုလက်ခံခဲ့ပါက လက်ခံသူ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သူဇာနွယ်(ဘ)ဦးငွေပေါ (၁၂/မရက(နိုင်)၁၂၀၂၆၅)၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုဇင် LL.B,DHR, DBMA, EDAP**
**အထက်တန်းရှေ့နေ(စဉ်-၅၆၈၈၀)**
**ဖုန်း-၀၉-၇၆၇၅၁၈၂၁၀**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သိမ်တော်လေးရပ်၊ အရှေ့လားသော် -ကိုထွန်းထွန်း၊ အနောက်လားသော် - ဒေါ်ခင်မြင့်၊ တောင်လားသော်-လမ်း၊ မြောက်လားသော် - ဦးတင်ထွန်းတို့ကြားရှိ မြေဧရိယာ (၆၅x၁၀၀)ပေပေါ်တွင် ဒေါ်ရီရီဝင်း ၉/ဝတန(နိုင်)၀၅၁၇၁၂မှ အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၃၀)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ရီရီဝင်း -ဖုန်း-09-256572550**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) မကြီးချိုကျောင်းတွင် ပညာသင်ကြားနေသော GRADE-12 မှ မစုမြတ်နိုးနှင့် Grade-1 မှ မောင်ဇင်ဦးလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင်လင်း ၉/တသန(နိုင်)၁၀၂၅၇၆ဖြစ်ပါကြောင်း။

**ဦးမြင့်နိုင်လင်း**

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)မှ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဒလမြို့နယ်၊ ကမာအောင်ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်းအတွက် Concrete Bearing Pile များ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန် | - ၅- ၉-၂၀၂၅ ရက်မှ ၁၆- ၉ -၂၀၂၅ ရက်ထိ နံနက် (၉:၃၀) နာရီမှ ညနေ (၄:၃၀) နာရီထိ |
| (ခ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် | - ၁၈- ၉ -၂၀၂၅ ရက်ထိ ညနေ (၄:၃၀) နာရီနောက်ဆုံးလက်ခံပါမည်။ |
| (ဂ) | တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် | ဆက်သွယ်အကြောင်းကြားပါမည်။ |
| (ဃ) | တင်ဒါလျှောက်လွှာရောင်းချ/ ဖွင့်လှစ်မည့်နေရာ | ညွှန်ကြားရေးမှူးရုံး၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ |

၂။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို အထက်ဖော်ပြပါလိပ်စာရှိရုံးနှင့် လုပ်ငန်းတည်ရှိရာခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သန်လျင်မြို့သို့ လာရောက်စုံစမ်းနိုင်ပြီး ဖုန်း-၀၁-၅၇၇၅၅၃၊ ၀၁-၂၃၃၆၄၀၂၊ yangonregion7@gmail.com တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် ဖော်ပြပါရက်များ ပြောင်းလဲပါက ကြိုတင်၍ ထပ်မံအသိပေးအကြောင်းကြားပါမည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ရတနာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (2C)၊ မြေကွက်အမှတ်(၈၃/စ)၊ အိမ်အမှတ်(၇၀) ဟုခေါ်တွင်သော (Condo)တိုက်ခန်း၏ သတ္တမထပ် (၈)လွှာ၊ တိုက်မျက်နှာမူလျှင် (ဘယ်)၊ အကျယ်အဝန်း (၁၆ပေx၆၈ပေ)၊ 1088 စတုရန်းပေ၊ (Condo)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မေနင်းသန့်ဇ(၁၂/အစန(နိုင်)၂၀၄၄၁၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားရေးချက်အရ-**
**ဒေါ်သစ်သစ် အထက်တန်းရှေ့နေ (စဉ်-၄၄၇၁၇)**
**အမှတ်(၃၂၈)၊ သရက်ခြံ(၁)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၅၅၁၈၉၇၅၅ ၊ ၀၉-၇၅၅၄၆၈၇၅၅၊ ၀၉-၇၇၆၄၂၄၃၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၅၁)၊ စတုတ္ထထပ်(၅လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ထရေဇာ (၁၃/မတန(နိုင်)၀၁၄၄၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စိမ်းလဲ့လဲ့ယဉ် (၇/လပတ(နိုင်)၁၁၄၈၁၃)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇလီ (LL.B, LLM)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်ဆုပန်လမ်း၊ အမှတ်(၃၈၁)၊ အကျယ်အဝန်း (၄၄ပေx၆၀ပေ)(၃)ခန်းတွဲ(၅)ထပ်တိုက်၏ ပထမထပ်-B1၊ အလယ် အကျယ်အဝန်း(၁၃ပေx၅၅ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်မေကြည်သိန်း(၆/ကသန(နိုင်)၀၀၈၀၂၆)မှ အရှုပ်အရှင်း ကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသဖြင့် ဒေါ်သက်သက်ဦး (၁၀/သဖရ(နိုင်)၀၆၄၇၁၄)မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သက်သက်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးနိုင်(LL.B,WIPO-Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၁၉၈)**
**အမှတ်(၂၂၉)၊ သရဖီလမ်း၊ (၁၄/စီမံကိန်း- ၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉-၇၅၆၀၂၁၉၇၁**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ်(၃)၊ ရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ ကံသုံးဆင့်အရှေ့အကွက်၊ ဦးပိုင်အမှတ်(၁၀-ဇ)၊ ဧရိယာ(၀.၀၃၅)ဧကရှိမြေအား ဦးမျိုးမင်းအမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ အမည်ပြောင်းလျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2S/6847, Hyundai Reina, Saloon (4x2) (L) ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘိုစံ ၆/မအရ(နိုင်)၁၀၀၇၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/89892, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖွေး ၃/လဘန(နိုင်)၁၁၅၁၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/84004, Honda Wave- 110, M/C ယာဉ်လက်ဝယ်ရှိသူ နန်းဖူးဟိ ၃/ဘအန(နိုင်)၃၅၀၉၂၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(ဘားအံ)**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁၃/၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | 53(LPT)/MPE-F4,F5/ 2025-2026 | Woven Polypropylene Bags (WPP-Bags) | 500,000Bags |
| ၂။ | 47R -R(LPT)/MPE-MBU/ 2025-2026 | Turbine Oil T-32 for Process Gas Turbine | 20 Drums |
| ၃။ | 4R-R$^2$(LPT)MPE-F4/2025-2026 | Spare Parts for Process Air Compressor (K-1301) | 1 Lot. |
| ၄။ | 46R-R$^3$(LPT) / MPE - F4, F5/ 2025 - 2026 | Ultra Coolant Oil | 600 Liters |
| ၅။ | အဆိုပြုလွှာအမှတ် -31 / MPE-F4/2025-2026 | Temperature Element for (TE-1401) | 1 No. |
| ၆။ | အဆိုပြုလွှာအမှတ် -32 / MPE-F4/2025-2026 | Temperature Element for (TE-1402) | 1 No. |
| ၇။ | အဆိုပြုလွှာအမှတ် -33 / MPE-F4/2025-2026 | Temperature Element for (TE-1403) | 1 No. |
| ၈။ | အဆိုပြုလွှာအမှတ် - 34/ MPE-F5/2025-2026 | Level Transmitter (LT-3204) | 1 No. |
| ၉။ | အဆိုပြုလွှာအမှတ် - 35/ MPE-F5/2025-2026 | Pressure Transmitter (PT-1806) | 1 No. |
| ၁၀။ | အဆိုပြုလွှာအမှတ် 36/ MPE-F5/2025-2026 | Flow Transmitter (FT-1804) | 1 No. |
| ၁၁။ | အဆိုပြုလွှာအမှတ် - 37/ MPE-F5/2025-2026 | Positioner (Double Action) for TV-1803, HV-1804, HV-1810 Valve | 3 Nos. |
| ၁၂။ | အဆိုပြုလွှာအမှတ်-30R/ MPE -F4/2025-2026 | Conductivity Analyzer (AT- 5407,5408) without Sensor | 2 Nos. |
| ၁၃။ | အဆိုပြုလွှာအမှတ် 28R-R2/MPE-F5/2025-2026 | Conductivity Analyzer AT- 5409 without Sensor | 2 Nos. |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၈ . ၉ .၂၀၂၅ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)(ယာယီရုံး)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၃ . ၉ .၂၀၂၅ ရက်နေ့ (၁၂:၀၀) နာရီတွင် နောက်ဆုံးထား၍ စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)(ယာယီရုံး)၊ (နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း-၀၉-၈၆၃၁၄၅၉၈၈၈,၀၉-၄၂၀၂၄၁၄၅၃,**
**၀၉-၄၀၁၅၄၆၇၇၀,၀၉-၂၆၄၉၉၂၂၀၉**

### ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ အထက (ကျုံကဒွန်း)ကျောင်း Grade-12 မှ မနှင်းနှင်းအေး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွဋ် ၁၄/ ဖပန(နိုင်)၀၉၃၁၅၆ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းထွဋ်**
**၁၄/ဖပန(နိုင်)၀၉၃၁၅၆**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အင်္ဂပူမြို့နယ်၊ အမက အုတ်တွင်းကျောင်းမှ ဒုမှုလတန်းပြ ဒေါ်သင်းနွယ်အေး၏ဖခင် ဦးမြိုင် ၁၄/အဂပ(နိုင်) ၀၄၈၇၉၄ နှင့် ဦးမောင်မြိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြိုင်(ခ)ဦးမောင်မြိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အင်္ဂပူမြို့နယ်၊ အမက အုတ်တွင်းကျောင်းမှ ဒုမှုလတန်းပြ ဒေါ်မြင့်နွယ်စိုး၏ဖခင် ဦးမြိုင် ၁၄/အဂပ(နိုင်)၀၄၈၇၉၄နှင့် ဦးမောင်မြိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြိုင်(ခ)ဦးမောင်မြိုင်**

### ပျောက်ဆုံးကြောင်း

(ဘ)ဦးခင်မောင်ရင်၏ သား ကျွန်တော် မောင်စောဂယ်ရီဂျိမ်း ၁၄/ပသန(နိုင်)၂၀၆၉၃၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၇၁၂၂၁၂၀**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အင်္ဂပူမြို့နယ်၊ အထက(ခွဲ) လကျာ်းကုန်းကျောင်းမှ စာရေး (၁)ဖြစ်သူ ဦးသန်းလင်းအောင်၏ ဖခင်ဦးရီဆန်း ၁၄/ အဂပ(နိုင်) ၀၄၇၅၈၂ နှင့် ဦးရီစန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရီဆန်း(ခ)ဦးရီစန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အင်္ဂပူမြို့နယ်၊ ထူးကြီးဒေသ၊ အမက ပတ္တမြားရပ်ကျောင်းမှ ဒုတိယမူလတန်းပြ ဆရာမ ဒေါ်ဟေဇာလင်း၏ဖခင် ဦးကျော်မြင့် ၁၄/အဂပ(နိုင်)၁၇၀၂၈၉ နှင့် ဦးလှမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်မြင့်(ခ)ဦးလှမြင့်**

### ဖခင်အမည်မှန်

တနိုင်းမြို့၊ အထက-၁ ကျောင်း၊ Grade-12(E) မှ မဆိုင်းမိုင်၏ ဖခင်အမည်မှန်မှာ ဦးအောန်ဆိုင်း ၁/တနန(နိုင်)၀၁၅၃၂၀ ဖြစ်ပါကြောင်း။

### ပတ်စ်ပို့ပျောက်

လားရှိုးမြို့နေ ဦးမောင်မောင်လေး၏သမီး မမင်းယဉ်နွေး ၁၃/လရန(နိုင်)၁၈၁၀၈၇ ၏ နိုင်ငံကူးလက်မှတ် အမှတ် MG 755693 မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

ဖုန်း - ၀၉-၂၅၃၃၁၅၂၅၃

### ပတ်စ်ပို့ပျောက်

လားရှိုးမြို့နေ ဦးဆန်မွန်၏ သမီး မယဉ်ယဉ်မွန် ၁၃/လရန(နိုင်)၂၅၉၆၉၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် MH 952731 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၃၁၅၂၅၃**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (၂၃၀၄)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးအောင်ငွေကြိုင် (ဘ) ဦးတင်ဆောင် ၉/လဝန(နိုင်)၁၇၇၃၆၃ အမည်ပေါက် ပါမစ်မြေကွက်၏ မြေပေးစာလစ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေပေးစာလစ်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်သူကွယ်လွန်သွားခဲ့ ပြီးသဖြင့် ဇနီးဖြစ်သူ ဒေါ်ဇင်မော်အောင်(ဘ) ဦးလှအောင် ၉/ဇဗသ(နိုင်)၀၀၇၇၅၆မှ ဝန်ခံကတိပြုချက်၊ တရားရုံးကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၁၀၆၆/၂၀၂၅)၊ ကွယ်လွန်သွားသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးစာလစ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တိုက်ကြီးမြို့၊ အုတ်ပုံစုရပ်ကွက်၊ အောင်သိပ္ပံလမ်းနေ ဒေါ်သန်းသန်းဆင့်၏သားဖြစ်သူ မောင်ကျော်ဇေဟန် ၁၂/တကန(နိုင်)၂၄၄၉၅၉ သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**ဒေါ်သန်းသန်းဆင့်၊ တိုက်ကြီးမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသ ရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်-13DMS/2025-2026 (L) ဖြင့် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - (၈-၉-၂၀၂၅)ရက် (တနင်္လာနေ့) |
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ** | - ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - (၂၂-၉-၂၀၂၅) ရက် (တနင်္လာနေ့) မွန်းတည့် (၁၂: ၀၀) နာရီ |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - ၀၆၇-၃၄၁၁၁၅၄၄၊ ၀၆၇-၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀
### ဘီးလင်းမြို့နယ်တရားရုံးတော်၌
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄

| | | |
|---|---|---|
| တပ်ကြပ်ကြီးသန်းနိုင်စိုး | နှင့် | ဒေါ်မြင့်မြင့်စန်း |
| တရားလို | | တရားပြိုင် |

ဘီးလင်းမြို့ နယ်၊ ကြက်ခြေခတ်ကျေးရွာနေ ဒေါ်မြင့်မြင့်စန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုတပ်ကြပ်ကြီးသန်းနိုင်စိုးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ရက် (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသည့် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာ ရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ၊ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းနှင်းဝေ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဘီးလင်းမြို့နယ်တရားရုံး**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ မေခာဝီလမ်း၊ အမှတ်(၁၇၉)နေ ဦးအောင်မြင့်သောင်း (ကွယ် လွန်)-ဒေါ်မော်မော်နိုင်(၁၂/ဥကမ(နိုင်)၀၄၄၃၁၄) တို့၏ တစ်ဦးတည်းသောသမီးဖြစ်သည့် ဒေါ်ဖြိုးမီမီသင်း (အသက်-၃၆နှစ်) သည် ဖော်ပြပါနေအိမ်တွင် နေထိုင်ခြင်းမရှိသည်မှာ လွန်ခဲ့သော(၂)နှစ်ခန့်ကဖြစ်ပါသည်။ ထို့နောက်ပိုင်း ဖခင်ဖြစ်သူနာမကျန်း ဖြစ်နေကြောင်း အကြိမ်ကြိမ်အကြောင်းကြားသော်လည်း ဒေါ်ဖြိုးမီမီသင်း လာရောက်ခြင်းမရှိပါ။ ဖခင်ကွယ်လွန်ခဲ့သော်လည်း လာရောက်ခြင်းမရှိသလို ကောင်းစွာသင်္ဂြိုဟ်သမှုမပြုခဲ့ပါ။ ထို့အပြင် မိခင်နှင့်အတူ ဆွေမျိုးသားချင်းများအား လူမှုစာမျက်နှာတွင်ဆဲဆိုခြင်းကို အကြိမ်ကြိမ်ပြုမူခဲ့ခြင်းနှင့် သမီးဖြစ်သူ၏ ပြုမူနေထိုင်မှုများကြောင့် မိခင်ကြီးအနေဖြင့် ကြီးစွာသော အရှက်တကွဲ အကျိုးနဲရခြင်း၊ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းတို့ကို ခံစားနေရပါသည်။ သို့ဖြစ်ပါ၍ သမီးဖြစ်သူ-ဒေါ်ဖြိုးမီမီသင်းအားအမွေပြတ်၍ အပြီးတိုင်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ဒေါ်ဖြိုးမီမီသင်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝတို့ကိုမဆို(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ နောက်နောင် မည်သို့မျှ သက်ဆိုင် ခြင်း(လုံး၀)မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မော်မော်နိုင်၏ ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၁၀၄)၊ပထမထပ်၊ခေမာသီလမ်း၊မြောက်ဥက္ကလာပမြို့နယ်။ဖုန်း-၀၉ -၅၄၀၇၂၂၉**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ MICC-2 ဝန်ထမ်းအိမ်ရာနေ(ဘ) ဦးသိန်းစိုး၏သား မောင်ဖိုးလပြည့်ဆန်း ၁၄/ကပန(နိုင်)၃၀၂၉၈၀ နှင့် မောင်ဟိန်းထက်ဇော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဖိုးလပြည့်ဆန်း(ခ)**
**မောင်ဟိန်းထက်ဇော်**

### အမည်မှန်

ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်ကျေးရွာနေ ဦးဖြိုးသူရနောင်၏သမီး STEM ကိုယ်ပိုင်အထက်တန်းကျောင်း Grade4 အတန်းတွင် ပညာသင်ကြားနေသော မချူးမြတ်ဖြိုးသင်းချယ်၏ အမည်မှန်မှာ မခြူးမြတ်ဖြိုးသင်းချယ် ဖြစ်ပါကြောင်း။ **မခြူးမြတ်ဖြိုးသင်းချယ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/36969, TVS NEO XR-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဦး ၅/ကလတ(နိုင်) ၀၉၅၃၉၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/64074, Haojue- 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်)၁၄၆၄၁၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပြည်ထဲရေးဝန်ကြီးဌာန
### မြန်မာနိုင်ငံရဲတပ်ဖွဲ့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန် လိုအပ်သော ရဲဝတ်ပစ္စည်း (၃၂)မျိုးအား ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်မှာ ၄-၉-၂၀၂၅ ရက်မှ ၁၈-၉-၂၀၂၅ ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် ရက်မှာ ၁၈-၉-၂၀၂၅ ရက် ၁၂၀၀ နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံ တစ်စောင်လျှင် ၅၀၀၀၀/-ကျပ်(ငါးသောင်းကျပ်)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်၊ ရုံးအမှတ်(၈)၊ ရဲဝတ်ပစ္စည်းအရောင်းဆိုင်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၁၄၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ရဲဝတ်ပစ္စည်းဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/2883 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

### အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဦးလင်းကိုကိုနိုင် [၉/ကပတ(နိုင်)၂၁၀၈၂၉]နှင့် ဒေါ်နန္ဒီခိုင်မင်း[၉/ညဥန(နိုင်)၁၂၀၀၃၈]တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့သဖြင့် (၅-၉-၂၀၂၅)ရက်တွင် လွတ်လပ်သောဆန္ဒများအရ **"မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ"**နှင့်အညီ နှစ်ဖက်သောအသိသက်သေများနှင့် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီး၍ "နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"ကိုလည်း ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ ထို့ပြင် လက်ထပ်ပွားနှစ်ဦးပိုင်ပစ္စည်းများကို သမီးဖြစ်သူ မမြတ်လင်းနေခြည်ထံသို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်၍ သမီးဖြစ်သူအား ဖခင်ဖြစ်သူမှ အုပ်ထိန်းစောင့်ရှောက်သွားမည်ကိုလည်း သဘောတူလက်ခံကြပါသည်။ သို့ဖြစ်ပါ၍ ဦးလင်းကိုကိုနိုင်နှင့် ဒေါ်နန္ဒီခိုင်မင်းတို့သည် လွတ်လပ်သူများဖြစ်ကြပြီး နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်သက်ဆိုင်ခြင်း အလျှဉ်းမရှိတော့ပါကြောင်းနှင့် ရထိုက်ခွင့်ရှိသည့် ပစ္စည်းတစ်စုံတစ်ရာ ကျန်ရှိခြင်းမရှိတော့ပါကြောင်းကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလင်းကိုကိုနိုင် နှင့် ဒေါ်နန္ဒီခိုင်မင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဗိုလ်ငြိမ်းတိုး[LL.B] အထက်တန်းရှေ့နေ (စဉ်-၅၃၇၇၉)**
**မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၇၆၄၆၆၈၈၃**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဆိတ်ကြီးကျေးရွာနေ ဦးဝက်ရိုး(ခ) ဦးတင်မြင့်(ဘ) ဦးမောင်ညိမ်း (၁၄/ပသရ(နိုင်)၀၁၁၆၁၇)၏သမီးဖြစ်သူ မစန်းစန်းဌေး(ဘ)ဦးဝက်ရိုး(ခ)ဦးတင်မြင့် (၁၄/ပသရ(နိုင်)၁၀၆၇၉၀)သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ဖခင်ပိုင်ဆိုင်သည့် ပစ္စည်းများအားခိုးယူရောင်းချခြင်း၊ ဖခင်အမည်ဖြင့် အကြွေးယူခြင်း၊ ဖခင်အားရန်ပြုခြင်း၊ ကြိမ်းမောင်းပြောဆိုခြင်းများ အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ဖခင်ဖြစ်သူမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေရပါသဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၎င်းအား သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးဝက်ရိုး(ခ)ဦးတင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်လှဲ့လှဲ့ဖြိုး(LLB, CBL)** | **ဦးသီလှကျော်(LLB, CBL)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်- ၉၈၅၄** | **တရားလွှတ်တော်ရှေ့နေစဉ်-၁၃၁၆၀** |
| **အမှတ်-၁/၂ ၊ ကျောက်ငူလမ်း၊ ပုသိမ်မြို့** | **အမှတ်(၁၃)၊ ဒါးကကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်** |

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ်(၅)၊ ဒေါ်နှင်းဝေငြိမ်း(ဘ)ဦးမြင့်ငြိမ်း ၉/တကန(နိုင်)၁၁၇၉၁၉၊ ဒေါ်ဖြူနှင်းဖွေး(ဘ) ဦးမြင့်ငြိမ်း ၉/တကန(နိုင်)၁၃၃၇၂၇၊ ဦးအာကာဖြိုး(ဘ)ဦးမြင့်ငြိမ်း ၉/တကန(နိုင်)၁၃၃၇၉၆ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်၊ ဧရိယာ(၀.၁၃၇) ကေအနက်မှ ဧရိယာ(၀.၀၄၄)ကေအား ဒေါ်အမာစိန်(ဘ)ဦးမြ ၉/တကန(နိုင်)၀၀၄၅၂၃နှင့် ဦးပိုင်ခွဲမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြီး မြေပုံ၊မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်းနောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/နန္ဒသူရပ်၊ ဦးပိုင်အမှတ်(၆၈)၊ ဦးဇော်ဝင်း၊ ဒေါ်ခင်မာမြင့်(ဘ)ဦးလှဖေ၊ ဦးမောင်ကို ၉/တကန(နိုင်)၀၁၁၂၀၅၊ ၉/တကန(နိုင်)၀၁၁၂၀၆ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်၊ဧရိယာ(၀.၁၁၅)ကေအနက်မှ ဧရိယာ(၀.၀၃၁)ကေအား ဦးအောင်ကိုကိုဝင်း(ဘ)ဦးမောင်ဝင်း ၉/တကန(နိုင်)၁၂၇၈၀၉နှင့် ဦးပိုင်ခွဲမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## အင်းစိန်ခရိုင်

လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်မှ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့်လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၇-၉-၂၀၂၅)ရက်မှစတင်၍ ဖော်ပြထားမည် ဖြစ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၉-၂၀၂၅ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၉-၉-၂၀၂၅ရက်(ရုံးချိန်အတွင်း)
**တင်ဒါဖွင့်မည့်ရက် / အချိန်** - ၂၃-၉-၂၀၂၅ ရက် (နံနက် ၁၀း၀၀)နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး

တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်တွင် (၁၂-၉-၂၀၂၅)ရက် (ရုံးချိန်အတွင်း) မှ စတင်ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၂၀၆၁၀၊ ၀၉-၇၉၆၅၄၆၂၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါ်ခိုင်ခိုင်ဦး ၈/မဘန (နိုင်) ၀၁၈၅၁၇ သည် အင်းစိန်မြို့နယ်၊ ကမ်းနား အလယ်ရပ်ကွက်၊ ဖန်ချက်ဝန်လမ်းနှင့် ဆန်စက်လမ်းရှိ မုဒိတာ (၂) တန်ဖိုးနည်း အိမ်ရာစီမံကိန်းမှ တိုက်ခန်းအမှတ် - (2B-282)ကို တော်ဝင်မိသားစုကုမ္ပဏီထံမှ (၂၃ -၈-၂၀၁၁) တွင် ဝယ်ယူထားရှိခဲ့ပါသည်။

ယခုအချိန်တွင် ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြစ်သည့် စည်းကမ်းနှင့်တာဝန် ဝတ္တရားစာအုပ်ပျောက်ဆုံးသွားပါသည်။ ထိုစာအုပ်အား တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီထံတွင် မိတ္တူမှန်ပြန်လည် ထုတ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုလျှင် (၁၄) ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် တော်ဝင်မိသားစုကုမ္ပဏီ(သို့) အောက်ပါလိပ်စာထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ခိုင်ခိုင်ဦး ၈/မဘန(နိုင်)၀၁၈၅၁၇**
**ဖုန်း-၀၉-၇၃၀၁၆၆၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်၊ ဦးပိုင်အမှတ်(၁၂၂)ရေိယာ(၀.၁၁၀)ဧကရှိ ဦးတင်မောင်ဆွေအမည် ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးတင်မောင်ဆွေ(ဘ) ဦးအောင်သင်း ၉/တကန(နိုင်)၀၀၆၂၃၈မှ မြေငှားစာချုပ် သက်တမ်းတိုးပေးပါရန် နှစ်(၃၀) မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်းမိတ္တူများ တင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းနောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုး လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/မန္တပဟာ၊ဦးပိုင် အမှတ်(၄၇ ဃ/၁)ရေိယာ(၀.၁၂၃)ဧကရှိ ဦးကျော်ဝင်းခိုင်အမည် ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးကျော်ဝင်းခိုင်(ဘ)ဦးချစ်ထွေး ၁၂/မဂဒ(နိုင်)၀၉၈၈၅၅မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးတင်ဦး(ဘ) ဦးရာဂျာ ၁၂/ပဘတ(နိုင်) ၀၃၄၉၁၇ နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံး ထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ အ.ထ.က ဇေယျာဝတီ ဗောဓိကုန်းကျောင်း Grade-11 မှ မောင်အောင်လင်းသန့်နှင့် Grade-4 မှ မောင်ကောင်းထက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး ၁၂/သခန(နိုင်)၀၉၃၀၆၆ ဖြစ်ပါကြောင်း။
**ဦးသန်းဇော်ဦး**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၉-၂၀၂၅ ရက် ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၀) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဦးတောက်ထွန်းအောင်၏ မှတ်ပုံတင်အမှတ် ၉/ မနမ(နိုင်) ၀၀၈၈၄၉ အစား ၉/မနမ(နိုင်) ၀၁၈၈၄၉ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်း ကျေးရွာ၊ ကားရံမဲလ်တောင် ကိုယ်ပိုင်အထက်တန်းကျောင်း (Grade-6)မှ မဂျူဒီဗန်ထာပါရ်၏ ဖခင်အမည်မှန်မှာ ဦးဗျက်ကုန်း ၁၂/အစန(နိုင်)၁၀၂၄၅၄ ဖြစ်ပါကြောင်း။ **ဦးဗျက်ကုန်း**

## အမည်ပြောင်း

ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့၊ မြန်ပြည်သားကောင်း ကိုယ်ပိုင် အထက်တန်းကျောင်း Grade-2 မှ (ဘ)ဦးအောင်သူလှိုင်၏ သား မောင်ကောင်းပြည့်သူအား မောင်ကောင်းခန့်ကိုဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ကောင်းခန့်ကို**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၄၉၂

၁။ ဒေါ်စန်းစန်းမြင့် နှင့် ဒေါ်စန်းစန်းခိုင်
၂။ ဦးအောင်သန်းမြင့်
အယူခံတရားလိုများ အယူခံတရားပြိုင်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀ ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်စွဲပါ ဒီကရီကိုအယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၇-လမ်း၊ ပထမထပ်(ဝဲ)၊ အမှတ်- ၁၉၂ နှင့် ကျောက်တံတားမြို့နယ်၊ အမှတ်-၁၄၂/၁၄၄၊ ၃ လွှာ၊ လမ်း-၄၀(အောက်)နေ အယူခံတရားပြိုင် ဒေါ်စန်းစန်းခိုင် (ယခုလိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင်ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့်ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မေလတ်)
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ်(၁၂)ရေိယာ(၀.၁၃၈)ဧကရှိ ဒေါ်ရီ၊ ဒေါ်ငွေငွေမြင့်(ဘ) ဦးမြမောင်၊ ဦးဘရှင် ၉/တကန(နိုင်)၀၀၅၇၀၉၊ ၉/တကန(နိုင်)၀၀၅၇၀၈ အမည် ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဒေါ်အေးအေးမြင့်၊ ဒေါ်ငွေငွေမြင့်(ဘ) ဦးဘရှင် ၉/တကန(နိုင်)၀၀၃၉၁၅၊ ၉/တကန(နိုင်)၀၀၅၇၀၈မှ အမွေဆက်ခံပိုင်ဆိုင် ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံ သားစိစစ်ရေး ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေပုံ၊မြေရာဇဝင်လျှောက် ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည် တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းနောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်း နှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံး လုပ်နည်း နှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဟသ်ာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးယျာဉ်ကြီး မြောက်ရပ်၊ ဦးပိုင်အမှတ်(၂၁၇)၊ ရေိယာ(၀.၀၅၅)ဧကရှိ ဦးတင်ဝင်းအမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားသောမြေကို ဦးတင်ဝင်းကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်နီနီက လူနေအိမ်အသုံးပြုခြင်းအတွက် ဒေါ်နီနီအမည်ဖြင့် မြေငှား စာချုပ်အမည်ပြောင်း၊ သက်တမ်းတိုးဂရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက် ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါ ကြောင်း ကြော်ငြာအပ်ပါသည်။ **လက်ထောက်ကော်လိတ္တော်အရာရှိ**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟသ်ာတမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/35601, Honda Wave- 100, M/C ယာဉ် လက်ဝယ်ရှိသူ ဦးဝေမျိုး ၁၄/မမက (နိုင်)၁၆၃၄၂၀ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/69754, Honda Wave- 100 ယာဉ်လက်ဝယ် ရှိသူ ဦးတင်ထွန်းအောင် ၉/ပမန (နိုင်)၁၈၇၄၇၇က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။
**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/15847, Kamax- 125 ယာဉ်လက်ဝယ်ရှိသူ ဦးညီညီနိုင် ၁၄/မအပ(နိုင်)၄၀၄၉၄၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ- ၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7N/5632 ယာဉ် လက်ဝယ်ရှိသူ ဒေါ်ညိမ်းဆုမွန် ၁၄/ မအန(နိုင်)၁၈၇၃၉၇ က ယာဉ်မှတ်ပုံ တင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။
**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် အောက်ဖော်ပြပါ ရေကြောင်းဘက်ဆိုင်ရာအင်ဂျင်နီယာဘွဲ့နှင့် ရေကြောင်းသိပ္ပံပညာ ( ဂုဏ်ထူး ) ဘွဲ့ဆိုင်ရာ ပထမနှစ် သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ပါသည်-

| | ဖွင့်လှစ်မည့်သင်တန်း | သင်တန်းကာလ |
|---|---|---|
| (က) B.E. ( NA ) | အင်ဂျင်နီယာဘွဲ့(ရေယာဉ်တည်ဆောက်မှု)<br>Bachelor of Engineering (Naval Architecture) | (၅)နှစ် |
| ( ခ ) B.E. ( ME ) | အင်ဂျင်နီယာဘွဲ့ ( ရေကြောင်းအင်ဂျင်နီယာ )<br>Bachelor of Engineering ( Marine Engineering ) | (၅)နှစ် |
| (ဂ ) B.E. ( PH ) | အင်ဂျင်နီယာဘွဲ့ ( ဆိပ်ကမ်းအင်ဂျင်နီယာ)<br>Bachelor of Engineering (Port and Harbour Engineering ) | (၅)နှစ် |
| (ဃ) B.E. ( RC ) | အင်ဂျင်နီယာဘွဲ့(မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာ)<br>Bachelor of Engineering(River and Coastal Engineering) | (၅)နှစ် |
| (င ) B.E. ( MESE ) | အင်ဂျင်နီယာဘွဲ့(ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်အင်ဂျင်နီယာ)<br>Bachelor of Engineering (Marine Electrical Systems & Electronics Engineering) | (၅)နှစ် |
| (စ ) B.E. ( MM ) | အင်ဂျင်နီယာဘွဲ့ (ရေကြောင်းစက်မှုအင်ဂျင်နီယာ)<br>Bachelor of Engineering ( Marine Mechanical Engineering ) | (၅)နှစ် |
| (ဆ) B.Sc.(Hons;) (NS) | သိပ္ပံဂုဏ်ထူးဘွဲ့ ( ရေကြောင်းသိပ္ပံ )<br>Bachelor of Science (Honours)( Nautical Science) | (၅)နှစ် |

၂။ အထက်ဖော်ပြပါ အင်ဂျင်နီယာဘွဲ့သင်တန်းနှင့် သိပ္ပံ( ဂုဏ်ထူး )ဘွဲ့သင်တန်းအားလုံးအတွက် သင်တန်းကာလမှာ (၅)နှစ် ဖြစ်ပြီး၊ သင်တန်းကာလ( ၅ )နှစ်လုံး ပြီးစီးအောင်မြင်သည့်အခါ B.E ဘွဲ့ / B.Sc(Hons;)ဘွဲ့တို့ကို တိုက်ရိုက်အပ်နှင်းချီးမြှင့်မည်ဖြစ်ပါသည်။

၃။ စုစုပေါင်း ကျောင်းသား ၊ ကျောင်းသူဦးရေ( ၃၆၀ )ဦးအထိသာ လက်ခံမည်ဖြစ်ပြီး လုပ်ငန်းသဘောသဘာဝအရ အမျိုးသမီးဦးရေ (၂၀)ရာခိုင်နှုန်းအထိသာ လက်ခံနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စုစုပေါင်းရမှတ်(၄၂၀)နှင့် အထက်ရရှိပြီး အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူနှင့် ၎င်း၏မိဘ( ၂ )ဦးစလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)၊ (ပြု)၊ (ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။
( ခ ) ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးစစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ကျန်းမာရေး( က )အဆင့် ရှိရမည်။
( ဂ ) အမျိုးသမီးများသည် Marine Engineering ၊ Marine Electrical Systems & Electronics Engineering နှင့် Nautical Science ဘာသာရပ်များမှလွဲ၍ အခြားဘာသာရပ်များကို လျှောက်ထားခွင့်ရှိသည်။
(ဃ) Marine Engineering ၊ Marine Electrical Systems & Electronics Engineering နှင့် Nautical Science ဘာသာရပ်လျှောက်ထားသူများသည် သင်တန်းတက်ရောက်ခွင့်မပြုမီ မှန်ကန်စွာ အရောင်ခွဲခြားနိုင်မှုစွမ်းရည်ရှိရမည်။ Nautical Science ဘာသာရပ်အတွက် မျက်မှန်တပ်ဆင်သူများလျှောက်ထားခွင့်မရှိ။
( င ) ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူ များသာ လျှောက်ထားခွင့်ရှိပါသည်-
(၁) STEAMS 1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒ၊ ဇီဝဗေဒ)
(၂) STEAMS 2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒ၊ ဘောဂဗေဒ)
( စ ) လူတွေ့စစ်ဆေးခြင်းခံရမည်။
(ဆ) တက္ကသိုလ်မှချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
( ဇ ) ပညာသင်ကာလအတွင်း Workshop Skills ၊ သတ်မှတ်ထားသော ပင်လယ်ပြင်လုပ်သက်နှင့် တက္ကသိုလ်ပြင်ပတွင်တက်ရောက်ရမည့် အခြားသင်တန်းများကို ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

